**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

# မြဝတီ

နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၃၃)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၁၇ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် မတ် ၁၆**

၂၀၂၅ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သဘင်ဆောင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့်ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။




MWD ဗီဒီယာစင်တာ

**ရရှိနိုင်သောဝန်ဆောင်မှုများ**

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. 09-680101166,01-4705990,01-4705991,01-4705992 https;//www.facebook.com/Public Media Centre

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၁၇ ရက်)

## အောင်မြင်မှုလမ်းကြောင်းပေါ်သို့လျှောက်လှမ်းနိုင်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ကာ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ အနာဂတ်တွင်အရေးပါအရာရောက်မည့် လူငယ်ကဏ္ဍကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်အားလုံးတို့မှာ နောင်တစ်ခေတ်တွင်နိုင်ငံတော်တာဝန်များကို ဦးလည်မသုန်မဖြစ်မနေထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ ထိုလူငယ်များ အရည်အချင်းပြည့်ဝနေမှသာ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်ပေလိမ့်မည်။ လူငယ်များသည် အတတ်ပညာအရာတွင်လည်းကောင်း၊ အသိပညာအရာတွင်လည်းကောင်း ထူးချွန်နေကြရမည်ဖြစ်သည်။ ထို့ပြင်လူငယ်များမှာ ပညာတတ်မြောက်နေရုံဖြင့် ပြီးပြည့်စုံမည်မဟုတ်သည့်အတွက် ကျန်းမာသန်စွမ်းသောလူငယ်များဖြစ်ကြရန်လိုအပ်သည်။

ထို့ကြောင့်လူငယ်များနှင့်ပတ်သက်လာလျှင် ဘက်စုံပညာရေးစနစ်ကိုကျင့်သုံးနေခြင်း၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍကိုမြှင့်တင်ပေးနေခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေးဟူသောဦးတည်ချက်ဖြင့် အလေးထား ဆောင် ရွက်ပေးလျက်ရှိသည်။ လူငယ်တိုင်းမှာ KG+9 သင်ယူပြီးမြောက်သည်နှင့် အသက်မွေးဝမ်းကျောင်းပညာများကို ရွေးချယ်သင်ယူနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုဟူသောကဏ္ဍသုံးရပ်ကို လမ်းကြောင်းဖွင့်လှစ်ပေးထားသည်။ ထို့အတူ အခြေခံပညာမှအဆင့်မြင့်ပညာများကို ဆက်လက်သင်ယူနိုင်သည့်လမ်းကြောင်းကိုလည်း ယခင်အတိုင်းဆောင်ရွက်ပေးထားသည်။

ယခုအခါ Grade –12 ကျောင်းသား၊ ကျောင်းသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲသည် မတ်လ ၁၇ ရက်နေ့တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါစာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူများအတွက် အဆင့်မြင့် ပညာသို့တက်လှမ်းရမည့်လှေကားထစ်ဖြစ်သည်ဟုဆိုနိုင်သည်။ ပညာသင်နှစ်အစမှသင်ယူထားသည် များကို စစ်ဆေးမေးမြန်းပြီး ဖြေဆိုအောင်မြင်သည့်အရည်အချင်းအလိုက် သင့်လျော်ရာတက္ကသိုလ်များ သို့တက်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။ ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါးသို့ဆိုသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မမေ့မလျော့မပေါ့မဆဘဲဖြေဆိုကြရမည်ဖြစ်သည်။

အစကောင်းမှအနှောင်းသေချာဆိုစကားကဲ့သို့ ဘဝ၏အစဖြစ်သည့် ကျောင်းနေအရွယ်မှစတင်ကာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို ပြည့်ဝစွာလေ့ကျင့်ဖြည့်ဆည်းထားကြရမည်ဖြစ်သည်။ ပညာသည်တစ်ဦး ချင်းအတွက်သာမက နိုင်ငံအတွက်ပါအဓိကကျလှသဖြင့် ကျောင်းသား၊ ကျောင်းသူတိုင်းက ပညာရေး ကို ဆုံးခန်းတိုင်အောင်သင်ယူကြရမည်ဖြစ်သည်။ လူငယ်တိုင်းသည် အနာဂတ်တွင်မိမိတို့ဖြစ်ချင်သည့် အရာကို ဖြစ်အောင်လုပ်ဆောင်နိုင်သည့်အခွင့်အရေး ရာခိုင်နှုန်းပြည့်ရှိကြပြီးဖြစ်သည်။ မိမိတို့တစ်ဦးချင်းစီ၏ လူနေမှုဘဝတွင် ပညာများများတတ်လေလေ ကောင်းကျိုးများလေလေဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲမှာ ဘဝတစ်ကွေ့၏အတားအဆီးတစ်ခုဟုဆိုပါက ထိုအတားအဆီးကို အောင်မြင်စွာဖြတ်ကျော်နိုင်ကြရပေမည်။

စာမေးပွဲဖြေဆိုရမည့်ကာလသည် လူငယ်မောင်မယ်တို့အတွက် အရေးကြီးကာလများဖြစ်သည်။ သတိနှင့်ယှဉ်ကာ စားသောက်နေထိုင်ကြရမည်။ ကျန်းမာရေးကိုအထူးဂရုစိုက်ကြရမည်။ စိတ်ကိုမွန်းကျပ်နေအောင် သို့မဟုတ် စိတ်ဖိစီးမှုမဖြစ်အောင် နေထိုင်တတ်ကြရမည်ဖြစ်သည်။ စိုးရိမ်ပူပန်မှုစိတ်မျိုးကို ပယ်ဖျောက်ထားကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲကြီးကို အောင်အောင်မြင်မြင်ဖြေဆိုနိုင်မည်ဆိုသည့် စိတ်ကို ရဲရဲဝံ့ဝံ့ထားရှိကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲကိုအောင်မြင်စွာဖြေဆိုနိုင်မှသာ မိမိတို့အသီးသီးရည်မှန်း ထားသည့်တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

လူ့ဘဝခရီးကို လောကနီတိကျမ်းတွင် အရွယ်သုံးပါး၊ အပိုင်းသုံးပိုင်းခွဲခြားပြဆိုထားသည်။ အသက် အရွယ်အပိုင်းအခြားအလိုက် မိမိတို့ဆောင်ရွက်ရသည်များကို ကောင်းမွန်စွာဆောင်ရွက်ကြမှသာ လူ့ဘဝ ခရီးလမ်းကြောင်းဖြောင့်ဖြူးမည်ဖြစ်သည်။ လူတို့၏ပထမအရွယ်သည် ပညာသင်ကြားကြရမည့်အရွယ်ဖြစ်သည်။ ပထမအရွယ်တွင် ပညာကိုကျွမ်းကျင်စွာတတ်မြောက်ထားကြရန်လိုသည်။ ဒုတိယအရွယ်ဆိုသည် မှာတတ်မြောက်ထားသည့်ပညာများနှင့် စီးပွားဥစ္စာရှာဖွေကြရမည့်အရွယ်ဖြစ်သည်။ လူတိုင်းသည် တိုးတက်ကြီးပွားလိုကြသည်။ ထိုသို့တိုးတက်ကြီးပွားရန်မှာ ပညာအခြေခံကောင်းနေရန်လိုအပ်သည်။ ပထမအရွယ်မှာ အသိပညာ၊ အတတ်ပညာများပြည့်ဝနေမှသာ ဒုတိယအရွယ်တွင် သင့်တင့်လျောက်ပတ်စွာ လူမှုစီးပွား ဘဝဖွံ့ဖြိုးနေမည်ဖြစ်သည်။

လူမှုစီးပွားဘဝ သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုခြင်းဆိုသည်မှာ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းသာမက မိမိတို့ပညာရပ်နှင့်သင့်တော်သည့် နိုင်ငံ့ဝန်ထမ်းဆောင်ရွက်ခြင်းမျိုးလည်းပါဝင်သည်။ နိုင်ငံအတွက် အဆင့်မြင့်မြင့်တာဝန်ထမ်းဆောင်နေကြသူများအားလုံးသည် ပညာသင်သည့်အရွယ်က ပညာကို ကြိုးကြိုးစားစားထွန်းပေါက်အောင်သင်ယူခဲ့ကြသူများဖြစ်သည်။ ဒုတိယအရွယ်တွင် ပညာနှင့်စီးပွားပြည့်ဝနေမှသာ တတိယအရွယ်တွင် စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာများကို ပွားများနိုင်မည်ဖြစ်သည်။ ဤသည်မှာ လောကဓမ္မတာဖြစ်၍ အစကောင်းမှအနှောင်းသေချာဟူသောစကားကို ရှေးလူကြီးများသုံးစွဲထားခြင်းဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့်လူငယ်များအားလုံး မိမိတို့ရည်မှန်းချက်သို့ရောက်ရှိရေး အောင်မြင်စွာဖြေဆိုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခု ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

( ခ ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရ ငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည် ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ် စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန် ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူ အား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၇-၃-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News

၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်

၃။ ၁၅:၀၀ Jumping For You

၄။ ၁၆:၄၀ I Music

၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း

၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# မအူပင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၇၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့



မအူပင် မတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၇၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မအူပင်မြို့နယ်၌ ပဲမျိုးစုံလျာထားဧက ၇၈၆၆၇ ဧကကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါပဲများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံဧက ၇၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဗိုလ်ကိတ်၊ မတ်ပဲ၊ ပဲတီစိမ်းတွေကို အဓိကစိုက်ပျိုးခဲ့ပါတယ်" ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းကပြောသည်။

မအူပင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၂၁၅၉ ဧက၊ ဗိုလ်ကိတ် ၁၂၂၅၂ ဧက၊ မတ်ပဲ ၆၁၃၀၇ ဧကအပါအဝင် စုစုပေါင်းပဲမျိုးစုံ ၇၈၆၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါပဲမျိုးစုံကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးသွင်းအားစုများနှင့် စိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်ထားသည့်စည်းကမ်းများနှင့်အညီ ထုတ်ချေးပေးခဲ့ပြီး စိုက်ပျိုးပြီးသောဆောင်းသီးနှံများ ပိုးမွှားမကျရောက်စေရန်နှင့် အထွက်နှုန်းကောင်းမွန်စေရန် တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက သီးနှံစိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# မြနန်းစံကျော်ရွှေနန်းတော် မြေနန်းပြာသာဒ်တော်ကြီး လက်ဝဲပွဲတက်ဆောင်နှင့် လက်ယာပွဲတက်ဆောင်တို့၌ ရှေးမူမပျက်ကြမ်းခင်းခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်းခန့်ပြီးစီး

မန္တလေး မတ် ၁၆

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မြနန်းစံကျော်ရွှေနန်းတော်၏ မြေနန်းပြာသာဒ်တော်ကြီး လက်ဝဲပွဲတက်ဆောင်နှင့် လက်ယာပွဲတက်ဆောင်တို့၌ ရှေးမူမပျက် ကြမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ သိရသည်။

အဆိုပါ ကြမ်းခင်းခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့ (၆) မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ရှေးမူလက်ရာအတိုင်းဖြစ်စေရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်မှာ မြနန်းစံကျော်ရွှေနန်းတော်ရဲ့ မြေနန်းပြာသာဒ်တော်ကြီး လက်ဝဲပွဲတက်ဆောင်နဲ့ လက်ယာပွဲတက်ဆောင်တို့ကို ရှေးမူမပျက်ကြမ်းခင်းတဲ့လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ အကျယ်အဝန်းအားဖြင့် အလျား ၅၉ ပေ၊ အနံ ၃၄ ပေကို ကြမ်းခင်းတဲ့လုပ်ငန်း ဆောင်ရွက်မှာဖြစ်ပြီး လက်ဝဲပွဲတက်ဆောင်နဲ့ လက်ယာပွဲတက်ဆောင်တွေမှာလည်း သတ်မှတ်ထားတဲ့အတိုင်း ကြမ်းခင်းတဲ့လုပ်ငန်းတွေ ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဌေးကပြောသည်။

အဆိုပါ ကြမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကာ ယခုဘဏ္ဍာနှစ်အကုန်တွင် လျာထားသည့်အတိုင်း ပြီးစီးစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြနန်းစံကျော်ရွှေနန်းတော်သည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ၏ထိန်းသိမ်းမှုအောက်တွင်ရှိပြီး ယခုအခါ နန်းတော်တိုင်လုံးများကို ယွန်းကြိုးထိုးခြင်း၊ မြေနန်းပြာသာဒ်တော်ကြီးအပါအဝင် နန်းတော်ဆောင်တချို့ကို ဆေးသုတ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲဧက ၂၅၈၀ နုတ်သိမ်းပြီးစီးပြီဖြစ်

ပွင့်ဖြူ မတ် ၁၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲဧက ၂၅၈၀ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၄ ဒသမ ၆၃ တင်းခန့်ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၃၀၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါမြေပဲစိုက်ခင်းများကို ဒေသခံတောင်သူများက ဇန်နဝါရီလမှ စတင်နုတ်သိမ်းလျက်ရှိရာ လက်ရှိအချိန်ထိ ဧက ၂၅၈၀ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှုဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် မြေပဲ ၃၀၈၆ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ခင်းတွေကို တောင်သူတွေက နွေသီးနှံပြန်လည်စိုက်ပျိုးဖို့အတွက် ဇန်နဝါရီလကစပြီး နုတ်သိမ်းနေတာ အခုချိန်ထိ ဧက ၂၅၈၀ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တစ်ဧကကို ၅၄ ဒသမ ၆၃ တင်းနှုန်းထွက်ရှိပါတယ်။ မြေပဲနုတ်သိမ်းတာနဲ့ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် အချိန်မီနုတ်သိမ်းကြဖို့နဲ့ နုတ်သိမ်းပြီးမြေပဲတွေကို အမိုးအကာအောက်မှာ စနစ်တကျထားသိုသိမ်းဆည်းကြဖို့ အသိပညာပေးတာတွေ လုပ်ဆောင်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

မြေပဲစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းကောင်းသော မျိုးသန့်မျိုးစေ့များ တိုးချဲ့စိုက်ပျိုးရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ GAP စနစ်နှင့်အညီစိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်သူများ စားသုံးဆီဖူလုံရေးနှင့် တောင်သူများအတွက် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းကောင်းအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံအောင် ဖြည့်ဆည်းပေးနိုင်ရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသောမြေပဲမျိုးများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

### အချောင်ရေကူးတတ်ခြင်း

၁၉၁၄ ခုနှစ်၌ တွံတေးမြို့သို့ ကျွန်ုပ်ရောက်သွားစဉ် 'ဝါဆို ဝါခေါင် ရေဖောင်ဖောင်' ဆိုသောရာသီဖြစ်၍ တွံတေးတူးမြောင်းမှာ ကမ်းပြည့် ကမ်းလျှံဆိုလောက်အောင် ရေများလျက်ရှိ၏။ အိမ်များသည် ချောင်းကို ကျောပေးလျက်ရှိကြရာ အခြားရာသီများတွင် တွံတေးချောင်းမှာ ရေချိုး လောက်အောင်မသန့်သော်လည်း ယင်းရာသီ၌မူ ဧရာဝတီမြစ်ကြောင်း ရေသဖွယ် ကြည်လင်သန့်ရှင်းလျက်ရှိ၏။ သို့ဖြစ်၍ ချောင်းကို ကျောခိုင်းကာ ဆောက်လုပ်ထားသည့်အိမ်များမှ လူများသည် အိမ်နောက်ဖေး ပိုင်းကို ရေဆိပ်ပြု၍ ချောင်းထဲသို့ ခုန်ဆင်းကာ ရေချိုးကြလေသည်။ တစ်ညနေ၌ ယောက်ဖနှစ်ယောက်က ကျွန်ုပ်အား ရေချိုးရအောင်ဟု ပြော၍ အိမ်နောက်ဖေးမှ ခုန်ဆင်းကြလေရာ ကျွန်ုပ်လည်း ၎င်းတို့နောက်မှ ခုန်ဆင်း၍ လိုက်လေ၏။ ဤနေရာ၌ ရေတိမ်ဟူ၍မရှိ။ ခုန်ချလိုက်သည်နှင့်တစ်ပြိုင်နက် မထောက်မိဘဲ ရေကူးကြရလေသည်။ ယောက်ဖနှစ်ယောက်သည် ရှေ့မှကူးသွားကြ၍ ချောင်းလယ်သို့ ရောက်သွားကြလေရာ ကျွန်ုပ်လည်း နောက်မှလိုက်ကူးသွား၏။ ချောင်းလယ်သို့ ရောက်ကြသောအခါ ကျွန်ုပ်၏ စိတ်ထဲ၌ တစ်စုံတစ်ခုကို သတိရ၍ ထိတ်ခနဲဖြစ်သွား၏။ သတိရသောအခြင်းအရာမှာ 'ဘယ်တုံးက ရေကူးတတ်ပါလိမ့်' ဟူသည်ပင်ဖြစ်၏။ ကျွန်ုပ်မှာ မောင်ပုနှင့် ကြိမ်ဖန်များစွာ ရေကူးသင်ခဲ့ဖူးသော်လည်း ရေကူးကားမတတ်၊ ကိုယ်ဖော့နိုင်ရုံသာ တတ်ခဲ့ဖူးခြင်းကို သတိရ၏။ ဖြစ်ရပုံကား မိမိကိုယ်ကို ရေကူးတတ်ပြီအထင်နှင့် ခုန်ချပြီး ကူးခဲ့ရာ တကယ်ကူးတတ်သောအဖြစ်သို့ 'အချောင်' ရောက်သွား ခြင်းပင်ဖြစ်ဟန်ရှိသည်။ ဤအခြင်းအရာသည် ထူးဆန်းသော်လည်း မဖြစ်နိုင်သောအရာမဟုတ်၊ ခွေးကလေးများလည်း ရေထဲသို့ ချလိုက် လျှင် ကူးသွားနိုင်ကြသည်သာဖြစ်လေသည်။ လူအဖို့ရာ၌မူ 'ငါ ရေမကူး တတ်' ဟူသော အထင်ကပ်လျက်ရှိသောကြောင့် တမင်တကာ လေ့ကျင့် ယူရခြင်းဖြစ်တန်ရာသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အဖို့ရာ၌ကား 'ရေကူးတတ်ပြီ' ဟူသော အထင်မှားမှုကြောင့် တကယ်ကူးတတ်ခြင်း ဖြစ်သည်ကို သက်သေခံရပါသည်။ သို့ရာတွင် မကူးတတ်ဘဲလျက်နှင့် ကူးတတ်သည်ဟု တမင်တကာထင်ဖို့မှာ အလွန်ခဲယဉ်းသောကိစ္စတစ်ခု ဖြစ်သောကြောင့် ရေကူးပညာတစ်ခုအနေဖြင့် အကြံပေးလိုခြင်းကား မဟုတ်ရပါ။

### ကိုဝင့်မော်၏ ငယ်မူပေါ်ခြင်း

ကျွန်ုပ်တို့လူစုသည် ဖောင်စွန်း၌ ရေချိုးလျက်ရှိကြစဉ် ဖောင်၏ အောက်ပိုင်းတွင် မိန်းမကြီးနှစ်ယောက်သုံးယောက်လည်း ရေချိုးလျက် ရှိကြောင်း ရေးသားဖော်ပြခဲ့ရာ ကိုဝင့်မော်သည် ရေချိုးရင်းမှ မိန်းမကြီး များရှိရာသို့ လျှောက်သွား၍ ဖောင်စွန်းကို လက်တစ်ဖက်ဖြင့်ကိုင်တွယ် ကာ ရေချိုးနေသော မိန်းမကြီးအနီးသို့ ချဉ်းကပ်လျက်

"ဘာလုပ်တာလဲဗျ ဒေါ်မြင့်"

"ရေချိုးတာပေါ့ ဝန်ထောက်မင်း"

"ရေချိုးတာ ဒီလိုချိုးရသလားဗျ၊ မြစ်ပြင်ထွက်ပြီးကူးမှပေါ့ဗျ"

ပြောပြောဆိုဆိုနှင့် ဖောင်၌တွယ်ထားသော မိန်းမကြီး၏လက်ကို

**"ကျွန်ုပ်မှာ ရွှေဘိုနယ်အဆက်အနွယ်ဖြစ်၍ အခြားနယ်မှ လူများကိုမြင်ရသည့်အခါ ရွှေဘိုနယ်သူ၊ နယ်သားများနှင့် နှိုင်းယှဉ်ကြည့်တတ်သောအလေ့ရှိ၏။ ဤရွာသားများသည် ရွှေဘိုနယ်သားများထက် သပ်သပ်ရပ်ရပ်နေတတ်ထိုင်တတ်ခြင်းကို ဖော်ပြခဲ့ပြီးဖြစ်ရာ ရုပ်ရည်မှာလည်း ကျွန်ုပ်တို့၏နယ်ထက် မွန်ရည်သန့်ရှင်းကြပါပေသည်။ ရွှေဘိုနယ်ဘက်၌ အသားဖြူ၊ အသားဝါအလွန်ရှား၍ အသားနက်၊ အသားညိုတို့သာပေါများကြပေရာ အသားလတ်လောက်ဆိုပါက ဒေဝီမြှောက်ကြရလေသည် . . ."**

ဖြုတ်တော့မည့်ဟန်ပြင်လေရာ

"မလုပ်ပါနဲ့ ဝန်ထောက်မင်းရဲ့၊ အဒေါ် ရေမကူးတတ်ပါဘူး၊ သေရပါ လိမ့်မယ်"

"ကူးသာကူးပါဗျ၊ ကျွန်တော်ရှိပါသေးတယ်"

တွယ်ထားသောလက်ကို ဖြုတ်မည်လုပ်ပြန်၏။

"အမယ်လေး လာကြပါဦး၊ သေရပါတော့မယ်"

"မကြောက်ပါနဲ့ဗျ၊ ကျွန်တော်ရေကူးတတ်ပါတယ်"

"ဝန်ထောက်မင်း ကူးတတ်ပေမယ့် အဒေါ်က မကူးတတ်ဘူး"

ဤအတောအတွင်း ကိုဝင့်မော်မှာ တဟားဟား ရယ်မောလျက်ရှိရာ မိန်းမကြီးကြောက်လေလေ သူက ရယ်၍ ကောင်းလေလေ ဖြစ်နေတော့ သည်။ မိန်းမကြီး၏ လက်ကို တကယ်ဖြုတ်ခြင်းကားမဟုတ်၊ ဖြုတ်မည့် ဟန်ပြုခြင်းသာဖြစ်သော်လည်း တစ်ဖက်သားကမူ တကယ်ပြုမည်ထင်၍ ကြောက်ရှာခြင်းဖြစ်သည်။ ရေချိုးပြီး၍ တက်လာကြသောအခါ ကျွန်ုပ် က "ဟိုမိန်းမကြီးက ဘယ်သူလဲဗျ"ဟုမေးရာ ကိုဝင့်မော်က "တောအုပ် ကတော်ကြီးပေါ့ဗျာ၊ ကောင်းတဲ့မိန်းမကြီး မဟုတ်ဘူးဗျ၊ ယောက်ျားကို ဒုက္ခပေးတဲ့ အဒေါ်ကြီးပဲ။ သူ့ယောက်ျား မယားငယ်ယူတာကို သစ်တော ဝန်တက်တိုင်သတဲ့ဗျာ၊ အလုပ်ပြုတ်လည်းအေးတာပဲတဲ့၊ ကောင်းနိုင်ရဲ့ လားဗျာ၊ သူ့ယောက်ျားက ကျုပ်တို့နဲ့ ကျောင်းနေဖက်ပဲ၊ ကိုဟဝါ လေဗျာ"

ကျွန်ုပ်မှာ ကိုဟဝါကို မမှတ်မိသော်လည်း မိန်းမကြီးအား ခြောက် လှန့်ခြင်း၌ ကိုဝင့်မော်တွင် ရည်ရွယ်ချက်ရှိခြင်းကို ရိပ်မိ၍ 'ငယ်ကျင့်' ကလေးပေါ်လာခြင်းဖြစ်သည်ဟု သတိရသည်နှင့် ပြုံးမိပါသေးသည်။ သို့ရာတွင် ဤအဖြစ်အပျက်မျိုးကို နောက်တစ်ကြိမ်ထပ်၍ မတွေ့ရ တော့ပါ။

### အဆင်းနှင့် အချင်း

ယင်းဒေသ၏ထုံးစံတစ်ခုမှာ တစ်နယ်တစ်ကျေးမှ လူပျိုတစ်ယောက် သည် အပျိုတစ်ယောက်ကို လည်လိုသည်ဆိုလျှင် ရွာသားလူပျိုတစ် ယောက်ကို ချဉ်းကပ်၍ ရွာသားက အပျို၏ အိမ်သို့ တင်ပေးလျှင် အပျိုက လက်ခံစကားပြောရသော ဝတ္တရားရှိ၏။ အကယ်၍ လက်ခံစကားပြော ခြင်းမပြုပါမူ တင်ပေးသော ရွာသားက အပျိုပေါ်၌ 'ချိုကျ' မည်ဖြစ်လေ သည်။ 'ချိုကျ' လျှင် မည်သို့ပြုလိမ့်မည်ဟု မပြောနိုင်သော်လည်း ယေဘုယျအားဖြင့် ယင်းထုံးစံကို မဖောက်ဖျက်ဘဲ လက်ခံကြသည်သာ များလေသည်။ ကျွန်ုပ်တို့မှာမူ ယင်းထုံးစံ၏ အထောက်အကူယူဖို့ မလိုဘဲ ရေဆိပ်၌ မြင်လိုက်ရသောအပျိုချောများ၏ နေအိမ်များသို့ ကိုဝင့်မော် နှင့်အတူ တစ်အိမ်တက်ဆင်းရောက်ကြ၍ ကိုဝင့်မော်က မိတ်ဖွဲ့ပေး လေသည်။ ညီတော်မောင်မှာ ကျွန်ုပ်တို့နှင့်မလိုက်တော့ဘဲ သူနှင့်ရွယ်တူ ချင်းဖြစ်သည့် စာရေးမောင်မြနှင့် တစ်စခန်းသွားကြလေသည်။ ဤနည်း ဖြင့် သုံးလေးညမျှ လည်ပတ်ကြရာတွင် ယင်းအရပ်သူ၊ အရပ်သားများနှင့် ပတ်သက်၍ ကျွန်ုပ်အကဲခတ်ရသော အချက်အလက်များကို ဖော်ပြရ ပေဦးမည်။ ကျွန်ုပ်မှာ ရွှေဘိုနယ်အဆက်အနွယ်ဖြစ်၍ အခြားနယ်မှ လူများကို မြင်ရသည့်အခါ ရွှေဘိုနယ်သူ၊ နယ်သားများနှင့် နှိုင်းယှဉ်ကြည့် တတ်သောအလေ့ရှိ၏။ ဤရွာသားများသည် ရွှေဘိုနယ်သားများထက် သပ်သပ်ရပ်ရပ် နေတတ်ထိုင်တတ်ခြင်းကို ဖော်ပြခဲ့ပြီးဖြစ်ရာ ရုပ်ရည်မှာ လည်း ကျွန်ုပ်တို့၏နယ်ထက် မွန်ရည်သန့်ရှင်းကြပါပေသည်။ ရွှေဘို နယ်ဘက်၌ အသားဖြူ၊ အသားဝါအလွန်ရှား၍ အသားနက်၊ အသားညို တို့သာပေါများကြပေရာ အသားလတ်လောက်ဆိုပါက ဒေဝီမြှောက်ကြ ရလေသည်။ (ကျွန်ုပ်၏စံဒေဝီမှာလည်း မန္တလေးသူဖြစ်၍ ညိုချော တစ်ယောက်အဖြစ်နှင့်သာ အသိအမှတ်ပြုခြင်းခံရသူဖြစ်လေသည်။) ဝတ်စားဆင်ယင်ရာ၌လည်း မြတောင်မှလူများသည် (အထူးသဖြင့် မိန်း ကလေးများသည်) ရွှေဘိုနယ်က လူများထက် 'မန်းဆန်' သည်ဟု ဆိုထိုက်ပါပေသည်။ ရွှေဘိုနယ်သားများ၏အားကိုးမှာ ရုပ်ဆင်းသဏ္ဌာန် မဟုတ်၊ အရည်အချင်းပင်ဖြစ်သည်။ တစ်နည်းဆိုသော် မြစ်ရိုးတစ် လျှောက်သည် 'အဆင်း'အားကိုးဖြစ်၍ ရွှေဘိုနယ်သည် 'အချင်း'အားကိုး ဖြစ်၏။ ကျွန်ုပ်၏ ကိုယ်တွေ့ကိုတင်ပြရသော် မြတောင်ရွာ (နယ်တစ် လျှောက်လုံးအပါအဝင်)မှ လူပျိုပေါက်အရွယ်ကာလသား လူလည်တစ် ယောက်သည် ရွှေဘိုနယ်မှ နွားကျောင်းသားအရွယ် သူငယ်ကလေး တစ်ယောက်နှင့် စကားပြိုင်၍ပြောပါက ကျွန်ုပ်ကမူ နွားကျောင်းသား ဘက်မှ လောင်းလိမ့်မည်ဖြစ်သည်။ စကားအရာ၌လည်းကောင်း၊ ပါးရည် နပ်ရည်ရှိခြင်း၌လည်းကောင်း အလည်ပတ်ဆုံးသော မြတောင်သား တစ်ယောက်သည် ထူလှအလှပါသည်ဆိုသော ရွှေဘိုသားတစ်ယောက် ၏နောက်ဘက်၌ နေရစ်လိမ့်မည်ထင်သည်။ မြစ်ရိုးနယ်ဘက်၌ အလွန် လည်ပတ်သော မိန်းမတစ်ယောက်တလေကို တွေ့ရဖူးပါ၏။ (ကျွန်ုပ်၏ တတိယအိမ်ထောင်ကို မဆိုလိုပါ။ ၎င်းမှာ ရိုးရိုးထဲကဖြစ်ပါသည်) သို့ရာတွင် ယောက်ျားများအနက်မှ ဤမျှလောက်စွမ်းသူကို တစ်ယောက် မျှ မတွေ့ရဖူးပါ။ မွေးထူး ရေခြားမိန်းမတစ်ယောက်ဟူ၍ ဆိုသင့်ပါ သည်။

**ဆက်လက်ဖော်ပြပါမည်။**

# နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၆

နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) ဗဟိုမှ ကြီးမှူးပြီး စုပေါင်းသွေးလှူဒါန်းပွဲကို မတ်လ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး ခုတင်-၅၀၀ ၌ ကျင်းပ သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် သွေးလှူရှင်များက စာရင်းသွင်းခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်း၊ သွေးအုပ်စုအမျိုး အစားခွဲခြင်းများ ဆောင်ရွက်ကြပြီး စုပေါင်း သွေးလှူဒါန်းကြရာ တပ်မတော်အရိုး ရောဂါအထူးကုဆေးရုံကြီး ခုတင်-၅၀၀ တပ်မှူးဗိုလ်မှူးချုပ်ကျော်ဇင်ညွန့်၊ ဗုဒ္ဓ ဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုဥက္ကဋ္ဌ ဦးရဲထွန်းနှင့်တာဝန်ရှိသူများ က လိုက်လံကြည့်ရှုအားပေးပြီး အာဟာရ ဖြည့်စွက်စာများပေးအပ်သည်။

"သွေးလှူတာနဲ့ပတ်သက်ပြီး ကျွန် တော်တို့မှာ သွေးလှူတဲ့ Team တစ်ခုရှိ ပါတယ်။ လိုအပ်တဲ့နေရာတွေကို အကူ အညီပေးနေပါတယ်။ သဘာဝဘေး အန္တရာယ်ဖြစ်ရင်လည်း YMBA ဥက္ကဋ္ဌ ကြီးရဲ့လမ်းညွှန်မှုနဲ့ ကျွန်တော်တို့နယ် အသီးသီးမှာ သွားရောက်ကူညီပါတယ်။ အဓိကကတော့ တတ်နိုင်တဲ့လုပ်အား တွေနဲ့ တစ်ဖက်တစ်လမ်းကနေကူညီနေ တာပါ" ဟု ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (YMBA) ဗဟိုအတွင်းရေးမှူး(၃) ဦးမောင်မောင်ညွန့်ကပြောသည်။

သွေးလှူဒါန်းပွဲသို့ YMBA ဗဟိုဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းဥက္ကဋ္ဌ ဦးသန့်စင်နှင့် တာဝန်ရှိသူ များ၊ ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌများ၊ သွေးလှူ ရှင်များ တက်ရောက်ကြကြောင်း သိရ သည်။

**ခင်မောင်တင်**



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

နေပြည်တော် မတ် ၁၆

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့်အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်၊ တာဝန်ရှိသူများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်စဉ်။

## မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာ လီဆူရိုးရာကွင်းသွား ကတ္တရာလမ်း ၁ မိုင်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



နေပြည်တော် မတ် ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာ လီဆူရိုးရာကွင်းသွား ကတ္တရာလမ်း ၁ မိုင်ကို လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၃၂၅၈ ဒသမ ၅၉၈ သန်းဖြင့် ကချင်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ရေးလုပ်ငန်း စသည့် ဖွံ့ဖြိုးရေးလုပ်ငန်း ၂၉ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် စားသုံးသူကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

စစ်ကိုင်း မတ် ၁၆

၂၀၂၅ ခုနှစ် မတ်လ ၁၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အဖြစ် စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ မိတ်ဖက်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ မတ်လ ၁၅ ရက်က ရတနာပုံတံတားအဆင်း စစ်ကိုင်းမြို့အဝင်၌ ခရီးသွားပြည်သူများအား စားသုံးသူကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရီးသွားပြည်သူများအား ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်စေရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေး၊ ကုန်စည်များအပေါ်တွင် ကုန်အမျိုးအစားအလိုက် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြထားမှု ရှိ/မရှိတို့ကို စစ်ဆေးပြီး လုပ်ငန်းရှင်များအနေဖြင့် ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး အသိပညာပေးဆွေးနွေးသည်။

ထို့နောက် စားသုံးသူအခွင့်အရေးရှစ်ချက်၊ စားသုံးသူများ၏တာဝန်များ၊ စားသုံးသူ ကာကွယ်ရေးဆိုင်ရာများ၊ ဝန်ဆောင်မှု၊ ကုန်စည်၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း၊ တားမြစ်ချက်များ၊ တိုင်ကြားနိုင်သည့်နေရာများနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။**ဇော်မြင့်နိုင်(ပြန်/ဆက်)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မတ် ၁၆

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)



နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။



နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြ စစ်ကြောင်းများ စစ်သမိုင်းပြတိုက်တွင် ကြည့်ရှု လေ့လာစဉ်။









နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ သူရဲကောင်းဗိမာန်တွင် ကြည့်ရှုလေ့လာစဉ်။

**● ကျောဖုံးမှအဆက်**

တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာ စစ်ရေးပြစစ်ကြောင်းများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အဦများကို ဆက်လက်ဖူးမြော်ကြည်ညိုကြသည်။

ထို့ပြင် အဆိုပါစစ်ရေးပြစစ်ကြောင်းများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ တပ်မတော်စစ်သမိုင်းပြတိုက်နှင့်သူရဲကောင်းဗိမာန်တို့ကို သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ်-

"အောင်ဇေယျစစ်ကြောင်းကနေပြီးတော့ ပါဝင်အားဖြည့်တာပါ။ သူရဲကောင်းဗိမာန်ရယ်၊ စစ်သမိုင်းပြတိုက်ရယ် ပြီးလို့ရှိရင် မာရဝိဇယဘုရားရယ်၊ ဥပ္ပါတသန္တိရယ် ပါရှင့်။ အခုလိုမျိုး လိုက်ပို့ပေးတဲ့အတွက် အထက်ကလူကြီးတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ နောက်ပြီးတော့ သူငယ်ချင်းတွေနဲ့ ဒီလိုမျိုး တပျော်တပါး သွားရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ နောက်ပြီးတော့ အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ မရောက်ဖူးတဲ့နေရာတွေ၊ မမြင်ဖူးတဲ့အကြောင်းအရာတွေကိုမြင်ရတဲ့အတွက်လည်း ဗဟုသုတတွေအများကြီးရရှိပါတယ်ရှင့်။ အခုလိုမျိုး နှစ်(၈၀)ပြည့် တပ်မတော်နေ့မှာ ပါဝင်ခွင့်ရတဲ့အတွက်ဝမ်းသာဂုဏ်ယူမိပါတယ်ရှင့်။ တပ်မတော်သား တစ်ယောက်အနေနဲ့လည်း ဒီလိုမျိုးလျှောက်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်" ဟုပြောသည်။

"အခုလို ပင်ပင်ပန်းပန်းနဲ့ စစ်ရေးပြကျင့်နေရတဲ့ကာလအတွင်းမှာ ဒီလို စိတ်ပြေလက်ပျောက်ဖြစ်အောင်လို့ လိုက်ပို့ပေးတဲ့ တာဝန်ရှိတဲ့ အထက်လူကြီးအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ဗျ။ ဒီနှစ်(၈၀)ပြည့် တပ်မတော်နေ့ကစပြီးတော့ နောင်နှစ်ပေါင်းများစွာ တပ်မတော်ကြီး တည်တံ့ခိုင်မြဲပါစေ" ဟုပြောသည်။

"ဝမ်းသာပီတိကတော့ ကျွန်တော်တို့မြန်မာပြည်တစ်ပြည်လုံးက လူတွေအကုန်လုံး ဒီမှာလာပြီးတော့ ဘုရားလာဖူးတဲ့အတွက် ကျွန်တော့်အနေနဲ့ဂုဏ်ယူပါတယ်၊ ဝမ်းသာပါတယ်။ နှစ်(၈၀)ပြည့်ကနေစပြီးတော့ တပ်မတော်သားအားလုံး ကျန်းမာချမ်းသာပါစေ၊ အသက်ရှည်ပါစေ" ဟုပြောသည်။ (၁၀၀)

## ပေါင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနသုံးခု၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်



ပေါင် မတ် ၁၆

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၅ ခုနှစ် မတ်လ ၁၇ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် အခြေခံပညာအထက်တန်းကျောင်း(ပေါင်)၊ အခြေခံပညာအထက်တန်းကျောင်း(ဇင်းကျိုက်)၊ အခြေခံပညာအထက်တန်းကျောင်း(မုတ္တမ) စာစစ်ဌာနတို့တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် မတ်လ ၁၆ ရက်နံနက်ပိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စာစစ်ဌာနအတွင်း၌ စာမေးပွဲဖြေဆိုနေစဉ် မီးဘေးအန္တရာယ်မဖြစ်ပွားစေရန်အတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု၊ ရေကန်များတွင် ရေသိုလှောင်ထားရှိမှု၊ မီးသတ်ဆေးဘူးများ၊ မီးချိတ်မီးကပ်၊ သဲ၊ ရေအသင့်ထားရှိမှု ဆောင်ရွက်ချက်အခြေအနေများ၊ မီးကြိုးများသွယ်တန်းထားရှိမှု အခြေအနေများနှင့် ဆေးပေးခန်းများ ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပေါင်မြို့နယ် ဦးစီးအရာရှိ ဦးမြတ်ကိုကိုက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန်များ၊ မီးဘေးအန္တရာယ်ကြုံတွေ့ရပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ဆောင်ရွက်ရန် အကြံပေးဆွေးနွေးမှာကြားသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးဆောင်ရွက်ခြင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပေါင်မြို့နယ်မီးသတ်စခန်းမှသနေ္ဓမီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## ဟိုကွန်-တာတိန်းခမ်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြည့်ရှုစစ်ဆေး

လင်းခေး မတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၌ ဟိုကွန်-တာတိန်းခမ်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ်လ ၁၆ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက လင်းခေးမြို့နယ် ဟိုကွန်-တာတိန်းခမ်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက လမ်းကိုရေရှည်တည်တံ့အောင် သက်ဆိုင်သူအားလုံး အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာအသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

ဟိုကွန်-တာတိန်းခမ်းကျေးရွာတွင်းလမ်းအရှည်ပေ ၇၂၀၊ အကျယ် ၉ ပေ၊ အမြင့် ၄ လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၂ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၆၅ သန်းကို အသုံးပြု၍ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ပဉ္စမအကြိမ်မြောက်ထုတ်ချေး

လယ်ဝေး မတ် ၁၆

နေပြည်တော်ကောင်စီနယ်မြေလယ်ဝေးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပဉ္စမအကြိမ်ထုတ်ချေးပေးခြင်းကို မတ်လ ၁၆ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးကြောင်းသိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လမ်းစဉ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးတို့အား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၂ သိန်းကို အတိုးနှုန်းသက်သာစွာ အသင်းသား၊ အသင်းသူများ၏ တစ်ဦးချင်းလက်ဝယ်အရောက် အသီးသီးထုတ်ချေးပေးကြောင်း သိရသည်။ **ကာရံ(ကျေးလက်)**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကားအဲကွန်းဖွင့်စီးသူများ လိုက်နာသင့်သည့်အချက်သုံးချက်

ကြည်လွင်မြင့်(မုဒြာ)

**''နေပူချိန် အဲကွန်းသုံးသောကားဖြင့် အပြင်သွားလျှင် ရေသန့်ဘူးယူဆောင်သွားပါ။ နေပူပြင်းသည့်နေရာ၌ ကားရပ်ရပါက အပြင်သို့မထွက်မီ ရေအဝသောက်ပြီးမှထွက်လျှင် ရုတ်တရက် ဦးနှောက်သို့ သွေးဆောင့်တက်ခြင်းမှ ကာကွယ်နိုင် . . .''**

အဲကွန်း (Aircon)သည် အခန်းတွင်းအပူချိန်ကို စုပ်ယူလျှော့ချပေးသည့် တီထွင်ဆန်းသစ်မှုဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော် အဲကွန်းပေါ်ခါစက နေအိမ်တိုက်ခန်းများအတွက်သာ အသုံးပြုခဲ့ပြီး နောက်ပိုင်း ၁၉၈၀ ပြည့်နှစ် ဝန်းကျင်မှစကာ ကားများတွင်ပါ အဲကွန်းတပ်ဆင်အသုံးပြုလာခဲ့သည်။ ထိုစဉ်က ဇိမ်ခံဆလွန်းကားများ၊ ဈေးကြီးပေးဝယ်ရသော ကားအကောင်းစားများတွင်သာ တပ်ဆင်ပေးနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကားအကြီး၊ အသေးအမျိုးမျိုးတွင် အဲကွန်းမပါသောကားဟူ၍ မရှိတော့ပေ။

ကားအဲကွန်း၏ကောင်းကျိုးမှာ ပူအိုက်ခြင်း၊ လေလုံ၍အသက်ရှူကျပ်ခြင်းမှ ကာကွယ်နိုင်သည့်အပြင် မိုးတွင်းအခါ မိုးရွာ၍ ကားမှန်အလုံပိတ်မောင်းသောအခါ အတွင်းမှအပူငွေ့ပြန်ပြီး မှန်များမှုန်ဝါးကာ ပြင်ပသို့ ကောင်းစွာမမြင်ရခြင်းကိုပါ အကာအကွယ်ပေးသည်။ မိုးရွာသောအခါ ပြင်ပအအေးဓာတ်ကြောင့် လူ၏ကိုယ်မှ အငွေ့များထွက်လာကာ အတွင်းမှန်များ မှုန်ဝါးသွားလျှင် အဲကွန်းမှ ထိုအငွေ့များကို စုပ်ယူပေးသည့်အပြင် အအေးဓာတ်ကို ထုတ်လွှတ်ပေးသဖြင့် ကားစီးသူများအတွက် အေးပြီး သက်သောင့်သက်သာဖြစ်စေသည်။

သို့သော် အပူပိုင်းဒေသများတွင် အလွန်နေပူပြင်းသောအချိန် ကားအဲကွန်းဖွင့်စီးသူများမှာ အေးနေရာမှ ရုတ်တရက် တံခါးဖွင့်ပြီး အဆင်းတွင် ပြင်ပအပူရှိန်ကြောင့် မူးဝေကာ လဲကျသူ၊ သတိလစ်သူ၊ သက်ကြီးရွယ်အိုများတွင် အပူ၊ အအေးတုံ့ပြန်မှုကြောင့် ဦးနှောက်သွေးကြောပြတ်ကာ အသက်သေဆုံးရသူများရှိလာသည်အထိ တွေ့ရှိလာရသည်။ ညပိုင်း အဲကွန်းဘတ်စကားကြီးများဖြင့် ခရီးသွားသူများတွင်လည်း ပါးတစ်ခြမ်းရွဲ့ခြင်း၊ မျက်နှာနှင့် ကိုယ်တစ်ခြမ်းလေဖြတ်ခြင်းများပါ တွေ့ကြုံလာရခြင်းကို မကြာခဏ ဆေးရုံ၊ ဆေးခန်းများတွင် တွေ့လာရသည်။

ကားအဲကွန်းဖွင့်စီးသူများ၏ အနေအထားကို လေ့လာကြည့်သောအခါ နေပူထဲမှ ကားထဲဝင်ပြီးနောက် အဲကွန်းဖွင့်စီးသူ၊ ကားထဲမဝင်မီကပင် အဲကွန်းကြိုတင်ဖွင့်ထားသော ကားအတွင်းသို့ နေပူထဲမှလာပြီး ဝင်ထိုင်လိုက်မိသူ၊ နေအိမ်မှကား အဲကွန်းဖွင့်စီးလာပြီး နေပူပြင်းသော တစ်နေရာအရောက်တွင် ကားထဲမှ အပြင်သို့ထွက်လိုက်သူ စသည်ဖြင့် အခြေအနေမတူ ကွဲပြားမှုသုံးမျိုးကို တွေ့ရသည်။ ထိုသူများတွင် အသက်ငယ်ရွယ်သူများမှာ ဘာမျှမဖြစ်သော်လည်း အသက် ၄၀ ကျော်၊ ၅၀ အတွင်း သက်လတ်ပိုင်းများတွင် ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်းဝေဒနာများ ခံစားရကြောင်း တွေ့ရသည်။ အသက် ၆၀ ကျော်၊ ၇၀ ခန့်လူကြီးများမှာ ခေါင်းမူးရုံသာမက ရုတ်တရက်လဲကျခြင်း၊ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်းများပါ ဖြစ်လာနိုင်သည်။

အပူ၊ အအေး ဝိရောဓိကြောင့် ကားအဲကွန်းဖွင့်စီးသူများ လိုက်နာစေလိုသည့် အချက်သုံးချက်ကို တင်ပြလိုပါသည်။

- ကားအဲကွန်းမဖွင့်မီ စက်နှိုးပြီး ကားမှန်တံခါးများအားလုံးချထားပါ။ ပြင်ပလေဝင်ပြီးနောက်မှ ကားအဲကွန်းကို အနိမ့်ဆုံးမှစ၍ ဖွင့်ပါ။ ထို့နောက်မှ မှန်များပြန်တင်ပြီးစီးလျှင် အပူ၊ အအေး ရုတ်တရက် အပြောင်းအလဲမဖြစ်စေနိုင်ပါ။
- နေပူချိန် အဲကွန်းသုံးသောကားဖြင့် အပြင်သွားလျှင် ရေသန့်ဘူးယူဆောင်သွားပါ။ နေပူပြင်းသည့်နေရာ၌ကားရပ်ရပါက အပြင်သို့မထွက်မီ ရေအဝသောက်ပြီးမှထွက်လျှင် ရုတ်တရက် ဦးနှောက်သို့ သွေးဆောင့်တက်ခြင်းမှ ကာကွယ်နိုင်သည်။
- အဲကွန်းကြိုတင်ဖွင့်ထားသည့် ဘတ်စကားများပေါ်သို့ နေပူထဲမှလာပြီး တက်စီးလျှင်လည်း မတက်မီက ကြိုတင်ပြီး ရေအေးသောက်ထားပါ။ တချို့လူကြီးများသည် ကားပေါ်တွင် ဆီးသွားချင်မည်စိုးသဖြင့် ရေမသောက်ဘဲ ခရီးသွားလေ့ရှိသည်မှာ အမှားတစ်ခုဖြစ်ပါသည်။ ထို့အတူ ညအိပ်ချိန်တွင် အဲကွန်းဖွင့်အိပ်သူများမှာလည်း အိပ်ရာမဝင်မီ ရေအေးတစ်ခွက်သောက်ပြီးမှအိပ်လျှင် ကိုယ်တွင်း(အစာအိမ်) မှ အပူနှင့် ပြင်ပ အဲကွန်းမှအအေးဓာတ်တို့ ဝိရောဓိဖြစ်ခြင်းမှ ကာကွယ်ရာရောက်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အထက်ပါအချက်များကို သတိပြုလိုက်နာခြင်းဖြင့် အဲကွန်းအသုံးပြု၍ အပူ၊ အအေး ဝိရောဓိလွန်ကဲမှုကြောင့် လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်းဘေးမှ ကင်းဝေးနိုင်ပါစေကြောင်း သတိပေးတင်ပြလိုက်ရပါသည်။ ။

---

# သဘာဝမဟုတ်သော အအေးဓာတ်ကြောင့် လူ့ခန္ဓာကိုယ်တွင် ရောဂါအမျိုးမျိုးရနိုင်

**''သဘာဝမဟုတ်သောအအေးများသည် လူတို့၏တီထွင်ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာသည့် ပန်ကာလေနှင့် အဲကွန်း(Aircon)မှထွက်သော အအေးဓာတ်တို့ဖြစ်သည်။ ယင်းတို့မှာ သဘာဝအတိုင်းမဟုတ်သော ဖန်တီးထားသည့်အအေးဓာတ်များဖြစ်သည်။ တစ်နည်းအားဖြင့် အအေးဓာတ်အတုဖြစ်သည်။ ရိုးရာနည်းပညာရှုထောင့်အရပြောရလျှင် သီတတေဇောအရေခြုံထားသည့် ဥဏှတေဇောဖြစ် . . .''**

ဩကာသလောကတွင် နေမင်းမှ ထုတ်လွှတ်သော တေဇောဓာတ် လွှမ်းမိုးသည်။ ထိုတေဇောဓာတ်သည်ပင် ပူခြင်း၊ အေးခြင်းကိုပြုသည်။ ပူမှု၊ အေးမှု တေဇောပြုဟု ဆိုသည်။ တေဇောဓာတ်နှစ်ပါးရှိသည်။ ဥဏှတေဇောနှင့် သီတတေဇောတို့ဖြစ်သည်။ ထိုနှစ်မျိုး မပိုမလို ညီမျှနေလျှင် ကမ္ဘာလောကကြီး သာယာနေမည်ဖြစ်သည်။ နေ့တွင်ပူပြီး ညတွင် အေးသည်မှာ နေ့စဉ် တွေ့ကြုံနေကျဓမ္မတာပင်ဖြစ်သည်။ နေ့ချည်းပဲဖြစ်နေမည်၊ ညချည်းပဲဖြစ်နေမည် ဆိုလျှင် ကမ္ဘာကြီး ပျက်စီးမည်ဖြစ်သည်။

ဥဏှတေဇော၊ သီတတေဇောဟူ၍ တေဇောဓာတ်နှစ်ပါးအကြောင်းကို တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဆောင်းပါးများတွင် မကြာခဏ ဖတ်ရှုနေရသဖြင့် နားယဉ်ပြီးသားဖြစ်နေမည်ဟု ယူဆပါသည်။ အကျယ်မဟုတ်သော်လည်း အလွယ်အားဖြင့် ရှင်းပြလိုပါသေးသည်။ လူဟူသောသတ္တဝါသည် သတ္တဗေဒရှုထောင့်မှကြည့်လျှင် သွေးနွေးသတ္တဝါဖြစ်သည်။ နွေးသည်ဆိုခြင်းမှာ အပူလည်းမဟုတ်၊ အအေးလည်းမဟုတ်၊ အပူ၊ အအေး နှစ်မျိုးကို မျှတစွာရောစပ်ထားခြင်းဖြစ်သည်။ လူ၏ခန္ဓာကိုယ်တွင် လည်ပတ်စီးဆင်းနေသော သွေးတွင်းအနွေးဓာတ်သည် တေဇောဓာတ်ကြောင့်ဖြစ်သည်။ ထိုတေဇောဓာတ်သည် အပူ(ဥဏှတေဇော)ဓာတ်လည်းမဟုတ်၊ အအေး(သီတတေဇော)ဓာတ်လည်းမဟုတ်ပေ။

ထိုနှစ်မျိုးတို့၏ ကြားအနေအထား မပူလွန်း၊ မအေးလွန်းသော အနွေးဓာတ်ဖြစ်သည်။ အပူဘက်သို့ ယိမ်းသွားလျှင်လည်း ရောဂါဖြစ်နိုင်သည်၊ အအေးဘက်သို့ ယိမ်းသွားလျှင်လည်း ရောဂါဖြစ်နိုင်သည်ဟု မှတ်ယူရမည်။ လူ၏ခန္ဓာကိုယ်အနေအထားကို ကြည့်ပါ။ ပိန်လွန်းလျှင် အပူဘက်သို့ ယိမ်းသည်။ ဝဖြိုးလွန်းလျှင် အအေးဘက်သို့ ယိမ်းသည်။ ပိန်လျှင် ဥဏှတေဇော အားသန်သည်။ ဝဖြိုးလျှင် သီတတေဇော အားသန်သည်။ မပိန်လွန်း၊ မဝလွန်းသောအနေအထားသာလျှင် သင့်တော်ပေသည်။

ရောဂါအနေအထားဖြင့်ပြောရလျှင် မြစ်ခြောက်နာ (တီဘီ)၊ အသည်းခြောက်နာဖြစ်သူများသည် ဥဏှတေဇောဓာတ်လွန်သောကြောင့်ဟု ဆိုနိုင်သည်။ ထို့အတူ ဆီးချို၊ သွေးချို၊ အသည်းအဆီဖုံး၊ နှလုံးသွေးကြောပိတ်၊ နှလုံးသွေးကြောကျဉ်းရောဂါရှိသူများသည် သီတတေဇောဓာတ် လွန်ကဲသောကြောင့်ဖြစ်သည်ဟု ယူဆနိုင်ပေသည်။

လူ၏ခန္ဓာကိုယ် အသက်ရှင်တည်တံ့ပြီး ကျန်းမာစေရန် သွေးကြောများဖြင့် ထောက်ပံ့ထားသည်။ အရိုး၊ အသားတို့ဖြင့် တည်ဆောက်ထားသည်။ ထို့ပြင် အပူဓာတ်၊ အအေးဓာတ်ကို ထိန်းညှိပေးထားသော ကိုယ်တွင်းအပူဓာတ်ရှိသည်။ ထိုအပူကို 'ဥသမ္မာတေဇော' ဟုခေါ်သည်။ အနောက်တိုင်းဆေးပညာအလိုအရဆိုလျှင် 98.4°F သည် လူ၏ ပုံမှန်ကိုယ်တွင်းအပူချိန်ဖြစ်သည်။ ထို့ထက်ပို၍ပူလာလျှင် အဖျားရှိပြီး နေမကောင်းဖြစ်သည်ဟု သတ်မှတ်သည်။ ထို့ထက်ကျော်လျှင်လည်း ဆုတ်ယုတ်သောရောဂါတစ်ခုခုဖြစ်နေပြီဟု ဆိုနိုင်သည်။

လူတို့၏သဘာဝမှာ အပူနှင့်အအေးဆိုလျှင် အအေးကို နှစ်သက်ကြသည်။ အပန်းဖြေလျှင် အေးသောတောင်ပေါ်မြို့များသို့ သွားကြသည်။ သို့မဟုတ် ပင်လယ်ကမ်းခြေများ၊ ရေကူးကန်များသို့ သွားကြသည်။ ဤသည်မှာ သဘာဝအအေးကို ရှာခြင်းဖြစ်သဖြင့် အပြစ်ဟုမဆိုသာပေ။

သဘာဝမဟုတ်သောအအေးများသည် လူတို့၏ တီထွင်ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာသည့် ပန်ကာလေနှင့် အဲကွန်း(Aircon)မှထွက်သော အအေးဓာတ်တို့ဖြစ်သည်။ ယင်းတို့မှာ သဘာဝအတိုင်းမဟုတ်သော ဖန်တီးထားသည့်အအေးဓာတ်များဖြစ်သည်။ တစ်နည်းအားဖြင့် အအေးဓာတ်အတုဖြစ်သည်။ ရိုးရာနည်းပညာရှုထောင့်အရပြောရလျှင် သီတတေဇောအရေခြုံထားသည့် ဥဏှတေဇောဖြစ်သည်။ ထိုသီတတေဇောအတုသည် လူတို့၏ခန္ဓာကိုယ်တွင် လွှမ်းခြုံသောအခါ ကိုယ်တွင်းသက်စောင့်အပူဓာတ်နှင့် သဟဇာတမဖြစ်သောကြောင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဆီဓာတ်လွန်ကဲသောရောဂါ၊ သွေးလှည့်အဖွဲ့နှင့် သွေးကြောများကျဉ်းမြောင်းသောရောဂါ၊ သွေးကြောပိတ်သောရောဂါ၊ လေးဖက်နာရောဂါ၊ ဂေါက်ရောဂါနှင့် နာတာရှည်ခံစားရသည့် လေဖြတ်ရောဂါများဖြစ်နိုင်သည်။

'ရောဂါဟူသမျှ အစာမကြေခြင်းက စသည်'ဟု အာယုဗ္ဗေဒဆေးကျမ်းများက ဆိုသည်မှာ စားလိုက်သည့်အစာ ကိုယ်တွင်းရောက်မှ၊ အစာအိမ်အတွင်းရောက်မှ ဖြစ်သောပြဿနာဖြစ်သည်။ တစ်ကိုယ်လုံးတွင်ဖြစ်သော ရောဂါအမျိုးမျိုး 'ရောဂါဟူသမျှ အအေးကြိုက်ခြင်းက စသည်' ဟုဆိုလျှင် လွန်ကဲရာရောက်သဖြင့် မဆိုချင်ပါ။ သို့သော် မပြေးသော်ကန်ရာရှိဆိုသကဲ့သို့ အအေးကြိုက်သူများမှာ ရောဂါအမျိုးမျိုး ကျရောက်နေသည်ကို တွေ့နေရသည်။ အထူးသဖြင့် ဆီးချို၊ သွေးချိုရောဂါနှင့် လေဖြတ်ရောဂါသည် အတော်များများကို တွေ့ရှိနေရသဖြင့် ဆင်ခြင်အပ်သောအကြောင်းအရာဖြစ်သည်။

အထူးသဖြင့် အဲကွန်းနှင့်အအေးခံပြီး ရေခဲသေတ္တာထဲမှ ရေခဲရေကို နေ့စဉ် သောက်နေသူများ၊ ရေခဲသေတ္တာတွင် ကြာရှည်စွာ သိုလှောင်သိမ်းဆည်းထားသော အစားအစာများကို နေ့စဉ်စားသောက်နေသူများ၊ ရေခဲရိုက်ပြီး တာရှည်ခံအောင် အေးခဲထားသောအသားများကို ချက်ပြုတ်စားသောက်နေသူများသည် လူ့သက်တမ်းစေ့မနေကြရဘဲ အသက်တိုသည်ဆိုသည့်အချက်ကို အမှုမဲ့အမှတ်မဲ့မနေဘဲ သတိတစ်ချက်ပြုမိစေလိုကြောင်း တင်ပြလိုက်ရပါသည်။ ။

# ညောင်လေးပင်ခရိုင်အတွင်းရှိ ကျေးရွာ ၂၉ ရွာ၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး



ညောင်လေးပင် မတ် ၁၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၉ ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျောက်တံခါးမြို့နယ်၌ ကျေးရွာကိုးရွာ၊ ညောင်လေးပင်မြို့နယ်၌ ကျေးရွာ ၁၀ ရွာ၊ ဒိုက်ဦးမြို့နယ်၌ ကျေးရွာကိုးရွာနှင့်ရွှေကျင်မြို့နယ်၌ ကျေးရွာတစ်ရွာတို့တွင် VDP စီမံကိန်းဖြင့် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ၂၅ ခု၊ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ၁၈ ခု၊ ဂဝံမြေခင်းခြင်းလုပ်ငန်းခုနစ်ခု၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းသုံးခု၊ ကုန်ထုတ်ဂဝံမြေခင်းခြင်းလုပ်ငန်းတစ်ခုတို့ကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာ ၂၉ ရွာတွင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ညောင်လေးပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

ကာရံ (ကျေးလက်)

# ပင်စိမ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပဉ္စမအကြိမ်မြောက်ထုတ်ချေး

ပင်းတယ မတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် တောင်ပေါ်ကြီးကျေးရွာအုပ်စု ပင်စိမ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပဉ္စမအကြိမ်မြောက် ထုတ်ချေးပေးခြင်းအခမ်းအနားကို မတ်လ ၁၆ ရက် နံနက်ပိုင်းတွင် ဒေသဦးစီးမှူးနှင့်တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးကြောင်းသိရသည်။

ရေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်ဦးက ပင်စိမ်းပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပင်စိမ်းပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်မည့် အသင်းသူ၊ အသင်းသား ၈၀ ဦးကို ပဉ္စမကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၆ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

စိန်လွင် (ကျေးလက်)

# ပဲခူးတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ ၂၃၁၆၇ ဦး ဝင်ရောက်ဖြေဆိုမည်

ပဲခူး မတ် ၁၆

၂၀၂၅ ခုနှစ် မတ်လ ၁၇ ရက်မှ ၂၂ ရက်အထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၃၁၆၇ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ ခရိုင်ခြောက်ခရိုင်နှင့်မြို့နယ် ၂၈ မြို့နယ်ရှိပြီး ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းရှိ ခရိုင်သုံးခရိုင်နှင့်မြို့နယ် ၁၄ မြို့နယ်တို့တွင်စာစစ်ဌာန ၃၇ ခုရှိပြီး ကျောင်းသား၊ ကျောင်းသူ ၁၂၉၈၉ ဦးဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ ခရိုင်သုံးခရိုင်နှင့်မြို့နယ် ၁၄ မြို့နယ်ရှိ စာစစ်ဌာန ၄၅ ခုတွင် ကျောင်းသား၊ ကျောင်းသူ ၁၀၁၇၈ ဦး စာမေးပွဲဖြေဆိုကြမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာစာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ရန် သက်ဆိုင်ရာခရိုင်နှင့်မြို့နယ်အလိုက် သယ်ယူပို့ဆောင်ရေးယာဉ်များထားရှိခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး၊ စာစစ်ဌာနအလိုက် စာရေးကိရိယာများအရန်ထားရှိပေးခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုထားရှိပေးခြင်းများကို ကြိုတင်ဆောင်ရွက်ပေးထားကြကြောင်း သိရသည်။ **(၄၀၁)၊ တင်ထိုး(ပဲခူး)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၃-၂၀၂၅(တနင်္လာနေ့)

၁။ ၀၇:၁၆ မေတ္တာပို့

၂။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

၃။ ၀၉:၀၀ Soft Skill

၄။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ဝေလည်းမွှေးကြွေလည်းမွှေး (ပထမပိုင်း) သရုပ်ဆောင်-ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်**

## ညီညာစစ်တေးချီခဲ့ပြီ

❐ တပ်မတော်လျှင်၊ ပြည့်ဖခင်တည့်
တပ်မတော်ဘုန်း၊ ပြည့်လက်ရုံးတည့်
တပ်မတော်သား၊ ပြည့်အင်အားတည့်။

❐ ဘယ်သူချောက်ငြား၊ မကြောက်အားပေ
ဘယ်သူမြှောက်စား၊ မဖောက်ပြားပေ
တို့များပြည်သူ၊ စိတ်ညီတူဖြင့်
ဘယ်သူခွဲခွဲ တို့မကွဲချေ။
ဘယ်သူဖြိုဖြို တို့မပြိုချေ။

❐ အရေးရောက်သော်၊ သွေးသောက်ဖော်တည့်
အရေးရောက်မြဲ၊ သွေးသောက်နွဲတည့်
အရေးကြုံသော်၊ သွေးဆုံဖော်တည့်။

❐ တပ်နှင့်ပြည်သူ၊ ချစ်ကြည်ဖြူ၏
ပြည်သူနှင့်တပ်၊ ရင်ချင်းအပ်၏
စွဲမှတ်ထင်ထင်၊ မြဲချစ်ခင်လျက်
နှစ်စဉ်မမေ့၊ တပ်မတော်နေ့သည်
တရွေ့ရွေ့ချီ၊ နှစ်ပတ်လည်ခဲ့
ပြည်သူ့အတွက်၊ စဉ်မပျက်မို့
တွက်ရေဆန်းသစ်၊ ယနေ့ခေတ်မှာ
အနှစ်(၈၀)တိုင်ခဲ့ပြီ။

❐ သစ္စာခိုင်ကျည်၊ တို့မြန်ပြည်ဝယ်
ယုံကြည်ပေါင်းစပ်၊ မြတ်စိတ်ဓာတ်ဖြင့်
မားမတ်ဝင့်စား၊ တပ်မတော်သားတို့
တိုင်းကားပြည်ကျိုး၊ ဆောင်သယ်ပိုးသည်
မြေမိုးသိမ့်သိမ့် အောင်ပွဲခြိမ့်ခဲ့။

❐ တပ်မတော်၏၊ မြော်မြင်ကြီးစွာ
နည်းဖြာဖြာကြောင့်၊ ယှဉ်လာဝင့်ရဲ
ကမ္ဘာထဲမှာ၊ မျိုးမြန်မာဟု
ခါခါ ဟစ်ကြွေး သီခဲ့ပြီ။
ညီညာစစ်တေး ချီခဲ့ပြီ။
ပြည်သာခေတ်ရေး ညီခဲ့ပြီ။ ။

**ချမ်းမြဆောင်း(ကလော)**

# ပျဉ်းမနားမြို့နယ်နှင့်လယ်ဝေးမြို့နယ်အတွင်းရှိ စာစစ်ဌာနများပြင်ဆင်ထားရှိမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်းရှိ စာစစ်ဌာနများတွင် စာမေးပွဲဖြေဆိုခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ သွားရောက်စစ်ဆေးရာ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးဆေးခန်းများ ဆောင်ရွက်ထားရှိမှုနှင့် စာမေးပွဲဖြေဆိုခန်းများပြင်ဆင်ထားရှိမှုတို့ကို တိုင်းပညာရေးမှူး ဒေါက်တာကျော်လွင်နှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



တင်ပြမှုများအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး၊ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများသွားလာမှုအဆင်ပြေစေရေး၊ စာမေးပွဲဆိုင်ရာ လုံခြုံရေးနှင့်လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး၊ ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝရရှိစေရေးတို့ကို လစ်ဟာမှုမရှိစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၌ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးဆေးခန်းများ ဆောင်ရွက်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး ကြီးကြပ်ရေးဆရာ/ဆရာမများကို စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ဆော်ဒီအာရေဗျနိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ တင်ပို့နိုင်ရန် ငါးမွေးမြူထုတ်လုပ်လျက်ရှိ

နေပြည်တော် မတ် ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရွှေဥကျေးရွာရှိ ဟန်စိုးမိုးကုမ္ပဏီလီမိတက်၏ ငါးမွေးမြူရေးနှင့် ငါးအစာတောင့်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ဦးစွာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနတာဝန်ခံနှင့် ကုမ္ပဏီတာဝန်ရှိသူတို့က ငါးအစာတောင့် ထုတ်လုပ်ဖြန့်ဖြူးနေမှု၊ ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခုံးမ၊ ရေချိုငါးမုတ်များမွေးမြူထားရှိမှုနှင့် ဆော်ဒီအာရေဗျနိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများသို့တင်ပို့နိုင်ရန်အတွက် အကောင်းဆုံးရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(BAP) လိုက်နာကျင့်သုံးမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

အလားတူ ဒုတိယဝန်ကြီးသည်ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရာစံအေး ငါးမွေးမြူရေးစခန်း၌ ဆော်ဒီအာရေဗျနိုင်ငံသို့ အဓိကတင်ပို့နိုင်ရန်အတွက် အကောင်းဆုံးရေသတ္တဝါမွေးမြူရေးကျင့်စဉ်(BAP)ဖြင့် ငါးမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်းရှင်များအား BAP Pre-Audit Team ၏ စစ်ဆေးဆောင်ရွက်ခဲ့သည့်အချက် ၁၀၃ ချက်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ကြရေး၊ ဈေးကွက်လိုအပ်ချက်အရ ဆော်ဒီအာရေဗျနိုင်ငံသို့ မွေးမြူရေးရေထွက်ကုန်ပစ္စည်းများ တင်ပို့ခွင့်ရရှိရေးအတွက် BAP ကျင့်စဉ်နှင့်အညီ ဆောင်ရွက်ရေးနှင့် ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်များကို စနစ်တကျလိုက်နာကျင့်သုံးရန်လိုအပ်ချက်များ၊ မွေးမြူသည်မှ ကုန်ချောထုတ်လုပ်သည်အထိ လုပ်ငန်းစဉ်အဆင့်တိုင်းတွင် တင်သွင်းနိုင်ငံများမှ ချမှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်ရေး အကြံပြုဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၆၈၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၈၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## ၁၆-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၈၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၃-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၉၅ | ၃၁၆၀ | ၃၀၉၅ | ၃၂၀၀ | ၃၂၁၅ | ၃၂၃၅ | ၃၁၅၀ | ၄၅၀၅ | ၃၄၄၅ | ၃၁၇၀ | ၃၁၇၀ | ၃၂၄၀ | ၃၂၀၅ | ၃၂၂၅ | ၃၄၈၅ |
| 95 Ron | ၃၁၃၅ | ၃၂၅၀ | ၃၂၁၅ | ၃၁၅၀ | ၃၂၅၅ | ၃၂၇၀ | ၃၂၈၅ | ၃၂၀၅ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၀ | ၃၂၂၅ | ၃၂၉၅ | ၃၂၆၀ | ၃၂၈၀ | ၃၅၃၅ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၇၀ | ၂၇၃၅ | ၂၆၇၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၁၀ | ၂၇၂၅ | - | ၃၀၂၀ | ၂၇၄၅ | ၂၇၄၅ | ၂၈၀၅ | ၂၇၈၀ | ၂၈၀၅ | ၃၀၆၀ |
| HSD (50 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | ၄၈၃၀ | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၃၀ | ၃၄၃၅ | ၃၆၉၀ |
| HSD (10 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | - | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၃၀ | ၃၄၃၅ | ၃၆၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၉ | ၃၀၀၁ |
| 95 Ron | ၂၉၆၁ | ၃၀၅၃ |
| HSD (500 ppm) | ၂၄၉၇ | ၂၅၇၇ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

☆ စာမျက်နှာ ၁၅ မှအဆက်

အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်သည်ကိုပြောကြားလိုကြောင်း။

နိုင်ငံတော်အတွက် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူများကို နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ဂုဏ်ယူပါကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း။

**မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများပြကြပါဟု တိုက်တွန်းမှာကြားလို**ကြောင်းဖြင့် ပြောကြားသည်။ **စာမျက်နှာ ၁၂ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်နိုင်ဝင်းဆွေအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမိုးအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ကျော်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်လှလှဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အမြဲတမ်းအတွင်းဝန် ဦးလှဌေးအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင်(အငြိမ်းစား) ဦးတင်မြင့်(ကိုယ်စား) ဇနီး ဒေါ်သန်းနုအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။

**❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်တွင်းက ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းခြင်းခံထိုက်သူများကိုသာမက ပြည်ပနိုင်ငံများက မြန်မာနိုင်ငံ၏ကောင်းရာကောင်းကျိုးကို စိတ်ကောင်းစေတနာအပြည့်ဖြင့် စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်အတွက် ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိ . . .**

**❖ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် . . .**

**❖ နိုင်ငံတော်အတွက် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူများကို နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ရှိ . . .**

★ စာမျက်နှာ ၁၁ မှအဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က ပြည်ထောင်စုစည်သူသင်္ဂဟာဘွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ရရှိသူ ၁၃ ဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့များဖြစ်ကြသည့် သူရဘွဲ့ရရှိသူ ၃ ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့်ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၁၇ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၄ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၁ ဦး၊ သိပ္ပကျော်စွာဘွဲ့ရရှိသူ ၂ ဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်းလက်ရောက်ချီးမြှင့်အပ်နှင်းပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်(အငြိမ်းစား) ဦးမောင်လှ(ကိုယ်စား) သား ဗိုလ်ချုပ်လှဝင်း(အငြိမ်းစား)အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး(အငြိမ်းစား) ဦးလှဆွေ(ကိုယ်စား)(အမွေခံ) ဦးလှမောင်ချိအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး(အငြိမ်းစား) ဦးတင်ထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး(အငြိမ်းစား) ဦးဆက်(ကိုယ်စား) သမီး ဒေါ်သီတာဆက်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသည့် အဆိုပညာရှင် ဗိုလ်မှူးခင်မောင်လှ (အငြိမ်းစား) (ရဲဘော်ခင်မောင်လှ) (ကိုယ်စား) သား ဦးနိုင်နိုင်ထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။

**❖ ပြည်ထောင်စုစည်သူသင်္ဂဟာဘွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ရရှိသူ ၁၃ ဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့များဖြစ်ကြသည့် သူရဘွဲ့ရရှိသူ ၃ ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၁၇ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၄ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၁ ဦး၊ သိပ္ပကျော်စွာဘွဲ့ရရှိသူ ၂ ဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်းလက်ရောက်ချီးမြှင့်အပ်နှင်း . . .**

# လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ပိုမိုလှပသောအနာဂတ်ကို အတူလက်တွဲဖန်တီးကြပါစို့

မြန်မာနိုင်ငံဆိုင်ရာ
တရုတ်သံအမတ်ကြီး
H.E.Ms. Ma Jia

၂၀၂၅ ခုနှစ် မတ်လ ၁၇ ရက်တွင် (၈) ကြိမ်မြောက် "လန်ချန်း-မဲခေါင် သီတင်းပတ်" ရောက်ရှိလာပြီဖြစ်သည်။ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု စတင်ချိန်မှစ၍ အလျင်အမြန်တိုးတက်ပြီး ထင်ရှားသောရလဒ်များရရှိခဲ့ကာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု၏ "ရွှေရောင်ပလက်ဖောင်း" ဖြစ်လာခဲ့သည်။ ကျွန်မသည် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီးအဖြစ်တာဝန်ထမ်းဆောင်သည့် နှစ်ဝက်ကျော် ကာလအတွင်း လန်ချန်း-မဲခေါင် စီမံကိန်း ၇ ခု ၏ အခမ်းအနားများသို့ တက်ရောက်ခဲ့ပြီး စီမံကိန်းများစွာကို လက်တွေ့သွားရောက် စစ်ဆေးခဲ့သဖြင့် မြန်မာနိုင်ငံ၏ ရွှေရောင်မြေပေါ်တွင် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်များ ဝေဝေဆာဆာဖူးပွင့်နေသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏အမြန်နှုန်း၊ အင်အားနှင့်နက်ရှိုင်းမှုကို ကိုယ်တိုင်ခံစားခဲ့ရသည်။ "ရွှေရောင်ပလက်ဖောင်း"၏ "ထိရောက်မှုနှုန်းထား" သည် အလွန်မြင့်ပါသည်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် အမြဲဖွံ့ဖြိုးရေးကို အဓိကထားပြီး ပြည်သူ့လူနေမှုဘဝကို အခြေခံသော ရည်ရွယ်ချက်နှင့် မူလရည်မှန်းချက်ကို စွဲကိုင်ထားသောကြောင့် လက်တွေ့ဘဝနှင့်နီးစပ်ပြီး ပြည်သူများအတွက်အကျိုးကျေးဇူးများစွာရရှိစေကာ ထိရောက်သောလုပ်ဆောင်မှုများကို ဖော်ဆောင်နေပါသည်။ တရုတ်နိုင်ငံ၏ထောက်ပံ့ထားသောရန်ပုံငွေဖြင့် တည်ထောင်ထားသော လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေသည် မြန်မာနိုင်ငံတွင် စီမံကိန်း ၁၁၈ ခုလုပ်ဆောင်ခဲ့ပြီး ၎င်းတို့အနက်စီမံကိန်း ၇၂ ခုမှာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ ထိုစီမံကိန်းများသည် ပြည်သူများ၏ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့်ဝင်ငွေတိုးတက်ရေးစသော ဖွံ့ဖြိုးရေးနှင့် ပြည်သူ့လူနေမှုဘဝနှင့် သက်ဆိုင်သော ပြဿနာများကို အဓိကဖြေရှင်းပေးနေပါသည်။ ရန်ပုံငွေ၏ပံ့ပိုးကူညီမှုဖြင့် ရှမ်းပြည်နယ်ရှိ ကုန်းကြမ်း၊ ဆင်တောင်၊ ကျောက်တော်ကျေးရွာတို့မှ ရွာသူရွာသား ၂၀၀၀ ခန့်သည် သန့်ရှင်းသောသောက်သုံးရေကို ရရှိခဲ့ကြသည်။ တနင်္သာရီတိုင်းဒေသကြီးရှိ ဘုတ်ပြင်းခရိုင်မှ ကံမော်ကြီးကျေးရွာ၊ ရေင်ကြီး ကျေးရွာတို့မှ ရွာသူရွာသား ၂၇၀၀ ခန့်သည်ဆိုလာအသေးစားဓာတ်အားပေးစနစ်မှတစ်ဆင့် ၂၄ နာရီ လျှပ်စစ်မီးရရှိခဲ့ပြီး လျှပ်စစ်သုံးစွဲမှု ကုန်ကျစရိတ်ကို ၆၀ ရာခိုင်နှုန်းကျော်လျှော့ချနိုင်ခဲ့ကြသည်။ ကော်ဖီ၊ ရော်ဘာ၊ သစ်သီး၊ ပိုးမွေးမြူရေးနှင့် ရေထွက်ပစ္စည်းများ စသည့် စိုက်ပျိုးမွေးမြူရေးစီမံကိန်းများမှ တစ်ဆင့် ကျေးလက်ဒေသမှ လယ်သမားများကို အရည်အသွေးမြင့်မျိုးစေ့များ၊ လေ့ကျင့်ရေးသင်တန်းများကို အခမဲ့သင်ကြားပို့ချပေးခဲ့ပြီး ထုတ်လုပ်မှုတိုးတက်စေရန်၊ ဝင်ငွေတိုးစေရန်နှင့် အလုပ်အကိုင်ဝင်ရောက်ခွင့်များ တိုးပွားလာအောင် ကူညီပေးခဲ့သည်။ "သေးငယ်သော်လည်းလှပဆဲ" စီမံကိန်းများသည် စေရန် အတူတကွကြိုးပမ်းဆောင်ရွက်နေပါသည်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ ပွင့်လင်းမြင်သာသော သဘောထားနှင့် ဦးတည်ချက်ကို အမြဲကျင့်သုံးပါသည်။ ပိတ်ဆို့ခြင်း "အသေးစားစက်ဝိုင်း" များကို မလုပ်ဆောင်ဘဲ တံခါးများပွင့်ပွင့်လင်းလင်းဖွင့်လှစ်ပြီးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပါသည်။ မဟာမဲခေါင်ဒေသခွဲစီးပွားရေး ဒေသငါးနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၂၀၀ ဘီလီယံကျော် လွန်သွားခဲ့သည်။ ယခုပမာဏသည် လွန်ခဲ့သော ၁၀ နှစ်ကထက် နှစ်ဆပိုများပြီး တရုတ်-လာအို၊ တရုတ်-ထိုင်း ရထားလမ်းများ၊ ကမ္ဘောဒီးယား-တရုတ် အမြန်လမ်းမကြီးကဲ့သို့သောစီမံကိန်းများသည် "ရွှေလမ်းမကြီး" ကို ဖောက်လုပ်ပေးခဲ့သည်။ အမြန်ရထား၊ လေဆိပ်ချိတ်ဆက်မှုနှင့် ဒစ်ဂျစ်တယ်စွမ်းအားတို့သည် ခေတ်မီဖွံ့ဖြိုး တိုးတက်သော လန်ချန်း-မဲခေါင်အဖြစ် အရှိန်မြှင့်ပေးနေသည်။ "လန်ချန်း-မဲခေါင် ချစ်ကြည်ရေး" သည် ပိုမိုနက်ရှိုင်းလာပြီး "နေရောင်ခြည်စွမ်းအင် ကျေးရွာစီမံကိန်း" သည် ထောင်ပေါင်းများစွာသော အိမ်ထောင်စုများအတွက် လျှပ်စစ်မီးဖြင့် အလင်းရောင်ထွန်းလင်းစေခဲ့သည်။ "စမ်းရေချိုလှုပ်ရှားမှု" (Operation Sweet Spring) သည် ထောင်ပေါင်းများစွာသော ရွာသူရွာသားများအတွက် သန့်ရှင်းသော သောက်သုံးရေကို ရရှိစေခဲ့သည်။ "လန်ချန်း-မဲခေါင် အမြင်အာရုံပြန်လည်ရရှိရေးလှုပ်ရှားမှု" သည် ရေတိမ်ရောဂါ ခံစားနေရသော လူနာရာပေါင်းများစွာကို ပြန်လည်အမြင်အာရုံရစေခဲ့သည်။ တရုတ်နိုင်ငံမှ ထုတ်ပေးသော "လန်ချန်း-မဲခေါင် ဗီဇာ" သည် နိုင်ငံခြောက်နိုင်ငံမှပြည်သူများကြား ပိုမိုရင်းနှီးစွာဆက်ဆံလာစေရန် တွန်းအားပေးခဲ့သည်။ "လန်ချန်း-မဲခေါင် လုံခြုံအေးချမ်းရေး" တည်ဆောက်မှုသည် ပိုမိုနက်ရှိုင်းစွာ အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုစင်တာ၏ "စင်ရော်" ပူးပေါင်းလှုပ်ရှားမှုဖြင့် မှုခင်းသံသယရှိ ခုနစ်သောင်းကျော်ကို ဖမ်းဆီးနိုင်ခဲ့သည်။ ဤသို့ဖြင့် ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့် ပစ္စည်းဥစ္စာများကို ထိရောက်စွာကာကွယ်ပေးနိုင်ခဲ့ပြီး ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ခဲ့သည်။

*** လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည်အမြဲဖွံ့ဖြိုးရေးကို အဓိကထားပြီး ပြည်သူ့လူနေမှုဘဝကို အခြေခံသောရည်ရွယ်ချက်နှင့် မူလရည်မှန်းချက်ကို စွဲကိုင်ထားသောကြောင့် လက်တွေ့ဘဝနှင့်နီးစပ်ပြီး ပြည်သူများအတွက်အကျိုးကျေးဇူးများစွာရရှိစေကာ ထိရောက်သောလုပ်ဆောင်မှုများကို ဖော်ဆောင်နေ . . .**

*** လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ ပွင့်လင်းမြင်သာသောသဘောထားနှင့် ဦးတည်ချက်ကိုအမြဲကျင့်သုံး . . .**

မြန်မာပြည်သူများ၏ တောက်ပသောဘဝအတွက်မျှော်လင့်ချက်များကို ပံ့ပိုးပေးနေပြီး သာယာလှပသောအိမ်များကို တည်ဆောက်ရာတွင်ကူညီပေးနေပါသည်။ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုသည် အိမ်နီးချင်းနှင့်ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို အမြဲကျင့်သုံးပါသည်။ ပူးပေါင်းဆောင်ရွက်မှုတွင် တိုင်ပင်ဆွေးနွေးမှုများရှိပြီး ဆက်ဆံရေးတွင်ချစ်ကြည်ရင်းနီးမှုရှိ၍ အချင်းချင်းသက်သောင့်သက်သာရှိမှုကို အပြည့်အဝထည့်သွင်းစဉ်းစားပြီး မည်သည့်နိုင်ငံရေးအကြောင်းအရာများကိုမှ မချိတ်ဆက်ထားပါ။ မိမိတို့၏နိုင်ငံအခြေအနေနှင့်ကိုက်ညီသော ဖွံ့ဖြိုးရေးလမ်းကြောင်းကို လျှောက်လှမ်းရာတွင် အပြန်အလှန်ထောက်ခံကြပါသည်။ မြန်မာနိုင်ငံရှိ လန်ချန်း-မဲခေါင် စီမံကိန်းများ၏ အကောင်အထည်ဖော်သူများသည် မြန်မာပြည်သူများ၏လက်တွေ့လိုအပ်ချက်များကိုအခြေခံ၍ ပူးပေါင်းဆောင်ရွက်မှုများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိပါသည်။ တရုတ်သံရုံးသည် စီမံကိန်းအကောင်အထည်ဖော်သူများ၊ ပါဝင်သူများနှင့်အကျိုးခံစားသူများ၏လိုအပ်ချက်များကိုအခြေခံ၍ မြန်မာနိုင်ငံ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအမျိုးသားညှိနှိုင်းရေးအဖွဲ့နှင့် ရင်းနှီးစွာတွဲဖက်ဆောင်ရွက်ပြီး တရုတ်ပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများနှင့် လုပ်ငန်းများကို စီမံကိန်းများအတွက် အကူအညီပေးရန် ညှိနှိုင်းပေးကာ ပိုမိုကောင်းမွန်သော စီမံကိန်းရလဒ်များရရှိ

ပူးပေါင်းဆောင်ရွက်မှု၊ ရောဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ယန္တရားများနှင့်ပူးပေါင်းဆောင်ရွက်ပြီး ဒေသတွင်းအသိုက်အဝန်း တည်ဆောက်ရာတွင် ပူးပေါင်းကူညီကာ ဒေသတွင်းအုပ်ချုပ်မှုကို ပြည့်စုံစေရန်အတွက် "လန်ချန်း-မဲခေါင် အစီအစဉ်" နှင့် "လန်ချန်း-မဲခေါင် ဉာဏ်ပညာ" ကို ပံ့ပိုးပေးနေပါသည်။

လွန်ခဲ့သော ၉ နှစ်အတွင်းက ခြောက်နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၏မဟာဗျူဟာမြောက် ဦးဆောင်မှုဖြင့် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုယန္တရားသည် တဖြည်းဖြည်းပိုမိုပြည့်စုံလာပြီး ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ဆက်လက်ကျယ်ပြန့်လာကာ အတွင်းအားများအဆက်မပြတ်မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ဒေသတွင်း စည်းလုံးညီညွတ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ကောင်းမွန်စွာမြှင့်တင်ပေးနိုင်ခဲ့သည်။ နိုင်ငံခြောက်နိုင်ငံအကြား နိုင်ငံရေးယုံကြည်မှုသည် ဆက်လက်နက်ရှိုင်းလာပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့်ဘက်ပေါင်းစုံ အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်ရေးကို အကောင်အထည်ဖော်ရာတွင် အပြည့်အဝလွှမ်းခြုံနိုင်ခဲ့သည်။ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးခေတ်၏ ရှေ့ဆုံး၌ အတူတကွလျှောက်လှမ်းနေကြသည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုစွမ်းအားသည် တစ်နေ့တခြားပိုမိုအားကောင်းလာပြီး တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်း

မကြာသေးမီက အောင်မြင်စွာ ပြီးဆုံးခဲ့သော တရုတ်နိုင်ငံ၏ Two Sessions အစည်းအဝေးတွင် တရုတ်နိုင်ငံသည် ထာဝရတံခါးဖွင့် ပွင့်လင်းမြင်သာမှုကို မြဲမြံစွာကိုင်စွဲထားမည်ဖြစ်ပြီး စနစ်တကျ တံခါးဖွင့်ပွင့်လင်းမြင်သာမှုကို တည်ငြိမ်စွာ တိုးချဲ့သွားမည်ဟု အတည်ပြုခဲ့သည်။ ထို့ပြင် ကိုယ်ပိုင်ပွင့်လင်းမှုနှင့် တစ်ဖက်သတ်ပွင့်လင်းမှုကို စနစ်တကျ တိုးချဲ့သွားမည်ဖြစ်ကာ ပွင့်လင်းမှုဖြင့် ပြုပြင်ပြောင်းလဲမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်သွားမည်ဟု ထပ်လောင်းဖော်ပြခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi သည် Two Sessions အစည်းအဝေးတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ အထူးဖော်ပြခဲ့သည်မှာ တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများသို့ပွင့်လင်းမှုကို ဆက်လက်တိုးချဲ့သွားမည်ဖြစ်ပြီး တစ်ဖက်သတ်ပွင့်လင်းမှုများလည်း ပါဝင်မည်ဖြစ်ကာ အိမ်နီးချင်းနိုင်ငံများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများကို မျှဝေသွားမည်ဖြစ်သည်။ ၎င်းသည် ဒေသတွင်းနှင့်ကမ္ဘာတစ်ဝန်းအတွက် စွမ်းအားအသစ်များ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းသစ်များ ယူဆောင်လာပေးနိုင်မည်ဖြစ်သည်။ ဒီနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်မြောက် နှစ်ပတ်လည်ဖြစ်ပြီး နှစ်နိုင်ငံကြား ဆက်ဆံရေးသည် သမိုင်းဝင်စမှတ်အသစ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ကျွန်တော်တို့သည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို နက်နက်ရှိုင်းရှိုင်း အကောင်အထည်ဖော်ရာ၌ နှစ်နိုင်ငံဆက်ဆံရေးကို ဖွံ့ဖြိုးတိုးတက်မှုအသစ်ရရှိစေရန် မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါတယ်။

မြန်မာစကားပုံတွင် "တောင်ကြီးဖဝါးအောက်၊ လှိုင်းကြီးလှေအောက်" ဟူသော ဆိုရိုးစကားအတိုင်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံရှိလူမှုအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းလက်တွဲကာ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် သမိုင်းဝင်ခရီးတွင် အပြန်အလှန်ဖေးမကူညီကာ တရုတ်-မြန်မာနှင့် လန်ချန်း-မဲခေါင် အေးအတူပူအမျှအသိုက်အဝန်းတို့၏ စာမျက်နှာသစ်ကို အတူတကွ ရေးသား၍ တရုတ်-မြန်မာ ဆက်ဆံရေးနှင့် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုတို့၏ ပိုမိုလှပသော အနာဂတ်ကို အတူတကွဖန်တီးရန် ဆန္ဒရှိပါသည်။ ။

(စာရေးသူ၏ အာဘော်သာဖြစ်ပါသည်)

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ရှိ ဗုဒ္ဓမြတ်စွာဘုရား၏လက်ဝဲအောက် စွယ်တော်ပွားအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်



ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ အများပြည်သူဖူးမြော်နိုင်ရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် မိသားစုမှလှူဒါန်းထားသော ဗုဒ္ဓမြတ်စွာဘုရား၏လက်ဝဲအောက်စွယ်တော်ပွားအား ဗုဒ္ဓါဘိသေကအနေကဇာတင် ပလ္လင်တော်ပင့်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ရန်ကုန်) ဒုတိယ ပါမောက္ခချုပ်(စီမံ) ဦးဇော်ဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးဇော်ဦးနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်ကြီးများက ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်များ ရွတ်ပွားချီးမြှင့်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်များနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားကို စွယ်တော်ကိန်းဝပ်တော်မူမည့် ဂန္ဓကုဋိကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုဇော်-သတင်းစဉ်**

# ရခိုင်နွယ်ဖွား သံဃာတော်အရှင်သူမြတ်များအား ဂုဏာဝိသိဋ္ဌပူဇော်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် မတ် ၁၆

နိုင်ငံတော်မှချီးမြှင့်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံယူခဲ့ကြသည့် ရခိုင်နွယ်ဖွား သံဃာတော် အရှင်သူမြတ်များအား ဂုဏာဝိသိဋ္ဌ ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပရာ မြစ်ကြီးနားမြို့ ခေမာသီဝံကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစန္ဒာဂရာဘိဝံသထံမှ ဩဝါဒ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပုသိမ်မြို့ ပစ္ဆိမာရုံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တခေမိန္ဒထံမှ ဩဝါဒတရားနာယူကြသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရရှိခဲ့သည့် ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိဖတ်ကြားခြင်း၊ ရတုပိုဒ်စုံရွတ်ဆိုပူဇော်ခြင်းတို့ဆောင်ရွက်ကြပြီး ဘွဲ့တံဆိပ်ရ ဆရာတော်များအား အလှူရှင်များနှင့် ရခိုင်ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြကာ ရေစက်ချ တရားနာယူခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**




# မြောင်းမြမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနကျောင်းများအား ကြည့်ရှုစစ်ဆေး

မြောင်းမြ မတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၁၀ ခုဖြင့် ကျင်းပမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာနကျောင်းများ ပြင်ဆင်နေမှုကို မတ်လ ၁၅ ရက်က ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲလာရောက်ဖြေဆိုရာ၌ အဆင်ပြေချောမွေ့မှုရှိစေရေး၊ စာစစ်ဌာနကျောင်းများ အပြင်စည်း၊ အတွင်းစည်း လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ စာစစ်ဌာနများအလိုက် စာမေးပွဲဆိုင်ရာကိစ္စရပ်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စာစစ်ဌာနကျောင်းများရှိ စာစစ်မှူးရုံးခန်း၊ စာဖြေခန်းများ၊ ကျန်းမာရေးခန်း၊ သန့်စင်ခန်း၊ စာဖြေအဝင်အထွက်ဂိတ်များ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသည်။

မြောင်းမြမြို့နယ်ရှိ စာစစ်ဌာန ၁၀ ခု၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူ စာရင်းရှိ ၁၈၈၈ ဦးရှိကြောင်း သိရသည်။

**ချမ်းမြေ့**

# ချယ်ဆီးအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ယူပြီး အာဆင်နယ်အသင်း အမှတ်ပေးဇယား ဒုတိယနေရာ၌ ဆက်လက်ရပ်တည်

ရန်ကုန် မတ် ၁၆

ပရီးမီးယားလိဂ်ပွဲစဉ် (၂၉) မှ ယနေ့ည ၈ နာရီတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်နှင့် ချယ်ဆီးအသင်းပွဲစဉ်တွင် အာဆင်နယ်အသင်းက အကြိုတ်အနယ်ကစားပြီး ၁ ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

အာဆင်နယ်အသင်းသည် ပွဲကစားချိန်မိနစ် ၂၀ တွင် အသင်းခေါင်းဆောင် အိုဒီဂတ်၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် တိုက်စစ်ကစားသမား မာရီနို၏ သွင်းဂိုးဖြင့် ပွဲကို ဦးဆောင်ကစားခဲ့သည်။ နှစ်သင်းကြား သိသိသာသာခြေစွမ်းကွာဟမှုမရှိဘဲ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ်ရှိခဲ့သည်။ လက်ကျန်ပွဲစဉ်တစ်လျှောက် အပြန်အလှန်ဂိုးပေါက်ခြိမ်းခြောက်မှုများ ရှိခဲ့သော်လည်း ထပ်မံဂိုးသွင်းနိုင်ခြင်းမရှိဘဲ ၁ ဂိုး ဂိုးမရှိဖြင့် ပြီးဆုံးခဲ့သည်။

ယခုနိုင်ပွဲကြောင့် အာဆင်နယ်အသင်းသည် ရမှတ် ၅၈ မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာ၌ ဆက်လက်ရပ်တည်နေသည်။ ချယ်ဆီးအသင်းမှာ ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်တွင် ၂၉ ပွဲကစားပြီးနောက် ရှုံးပွဲ ရှစ်ပွဲအထိ ရှိလာပြီဖြစ်သည်။

**ငြိမ်းညို**

■ **ကျောဖုံးမှအဆက်**

အဆိုပါပြိုင်ပွဲကို မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် MMAG ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ကောင်ကြီး(ရန်ကြီးအောင်)နှင့် လယ်တာမလာ(Ray Club)၊ စအိုင်လား (MK–1)နှင့် ကျားမာန်ဟိန်း(M.F.C Club)၊ ခနေ(ဖိုးလပြည့်)နှင့် ရဲမာန်သွေး(Ray Club)၊ ဝမ်းဝမ်း(Eagle Club)နှင့် ဝီလျံ(Holy Power Club)တို့ယှဉ်ပြိုင်ထိုးသတ်ရာ ပြိုင်ပွဲပြီးသည်အထိ အနိုင်အရှုံးမပေါ်ဘဲ အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့ကြသည်။

အခြားပြိုင်ပွဲများတွင် နိုင်လင်းစိုး(MK–1)က ဖိုးခွား(Eagle Club)ကို ဒုတိယအချီတွင်လည်းကောင်း၊ တိုးအောင်(MK–1)က ဂျွန်ဆိုင်းအောင်(Eagle Club)ကို ပထမအချီတွင်လည်းကောင်း၊ ညီညီနိုင်(Ray Club)က ရန်နိုင်(Eagle Club)ကိုပထမအချီတွင်လည်းကောင်း၊ ကျော်သီဟ(ဝမ်ချုံးကလပ်)က ဇေယျာထွန်း(Eagle Club)ကို ပထမအချီတွင်လည်းကောင်း၊ အောင်အောင်ဟိန်း(M.F.C Club)က မင်းခန့်(Eagle Club)ကို တတိယအချီတွင်လည်းကောင်း၊ စောမိုက်တီး(အီတလီ)(Lethwei Warrior Club)က မင်းမင်း(Eagle Club)ကိုတတိယအချီတွင်လည်းကောင်း၊ မိုက်ခဲ(Eagle Club)က ကျွဲကြီး (ဝမ်ချုံးကလပ်)ကို တတိယအချီတွင်လည်းကောင်း အလဲထိုးအနိုင်ရရှိခဲ့ကြသည်။

ယနေ့ပြုလုပ်သည့် Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုး၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ရိုးရာလက်ဝှေ့ဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် လက်ဝှေ့ပွဲများစီစဉ်သည့် MMAG တို့ ပူးပေါင်းကာ ၂၀၂၅ ခုနှစ် မတ်လမှစ၍ မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပွဲများ လစဉ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

☆ စာမျက်နှာ ၁၇ မှအဆက်

ယနေ့ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်(လွတ်လပ်ရေးနေ့)နှင့် မတ်လ(၂)ရက် (တောင်သူလယ်သမားနေ့)တို့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးဖြစ်သည့် **စည်သူဘွဲ့(၁၃)ဦး၊ သူရဘွဲ့(၃)ဦး၊ ဖေယျကျော်ထင်ဘွဲ့(၁၇)ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့(၁၄)ဦး၊ အလင်္ကာကျော်စွာဘွဲ့(၁)ဦး၊ သိပ္ပကျော်စွာဘွဲ့(၂)ဦး၊ စုစုပေါင်း (၅၀)ဦးကို သက်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းသွားမည်ဖြစ်**ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဖေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်မင်းလတ်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဖေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မျိုးမင်းထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဖေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်နိုင်မင်းကျော်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဖေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်ကျော်ကျော်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။

နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ အမျိုးသားရေးရည်မှန်းချက်(၂)ရပ် စသည့်လုပ်ငန်းစဉ်များသည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလွန်ကျယ်ပြန့်နက်ရှိုင်းကြောင်း၊ ဥပမာပြောရမည်ဆိုပါက တိုင်းပြည်သာယာဝပြောရေး လုပ်ငန်းစဉ်များထဲတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံး အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး စသည့် အချက်များစွာပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဦးတည်ချက်လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်တိုင်းမှာ ကဏ္ဍအလိုက် အသေးစိတ်ဖော်ဆောင်ရမည့် လုပ်ငန်းတာဝန်များစွာရှိနေကြောင်း။

အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရန်အတွက် လိုအပ်သည့်ပြင်ဆင်မှုများကိုလည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့်

စာမျက်နှာ ၁၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဖေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ရွှေထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဖေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မိုးမြင့်ဆွေအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဖေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်ခင်သိန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဖေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်ကျော်မိုးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရန် ဘက်စုံထောင့်စုံက ကြိုးပမ်းတည်ဆောက်နေရာ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံး၏အင်အားသည် အဓိကကျပြီး အားလုံး၏ပူးပေါင်းပါဝင်မှုသည် အရေးကြီး၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ဦးချင်းစီက စိတ်ဓာတ်၊ အသိအမြင်၊ ကာယဉာဏစွမ်းအားများနှင့် ပူးပေါင်းပါဝင်မှုအင်အားဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်

☆ ရှေ့ဖုံးမှအဆက်

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေရန် ဘက်စုံထောင့်စုံက ကြိုးပမ်းတည်ဆောက်နေရာ၌ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံး၏အင်အားသည် အဓိကကျပြီး အားလုံး၏ပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ဦးချင်းစီက စိတ်ဓာတ်၊ အသိအမြင်၊ ကာယဉာဏစွမ်းအားများနှင့် ပူးပေါင်းပါဝင်မှုအင်အားဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် သာမန်အဆင့်ထက်သာလွန်သည့် လုံ့လ၊ ဝီရိယ၊ ခွန်အားစိုက်ထုတ်ပြီး ထူးချွန်ပြောင်မြောက်စွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များလည်း ရှိနေသည်ကိုတွေ့ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ ယခုကဲ့သို့ **နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး မိမိတတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ထူးကဲစွာဆောင်ရွက်သူ၊ ကိုယ်ကျိုးမဖက် နိုင်ငံ့အတွက် စွန့်လွှတ်စွန့်စားအကျိုးဆောင်သူများကို လွတ်လပ်ရေးနေ့နှင့် နေ့ထူးနေ့မြတ် အခါသမယများတွင် ထိုက်သင့်သည့်ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များချီးမြှင့်အပ်နှင်းဂုဏ်ပြုလျက်ရှိ**ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား)ဗိုလ်မှူးကြီးကြည်မောင်(ကိုယ်စား)သား ဦးကြည်မော်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် စာရေးဆရာမကြီး ဒေါက်တာဒေါ်တင်ဝင်း (ဒေါက်တာမတင်ဝင်း-ပညာရေးတက္ကသိုလ်)(ကိုယ်စား)သမီး ဒေါ်နန့်ချစ်ကြည်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။

# ထူးချွန်ပြောင်မြောက်ပြီး နိုင်ငံ့အကျိုးကို ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များကို လေးစားတန်ဖိုးထားသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နှစ်စဉ်ဂုဏ်ပြုချီးမြှင့်မှုများပြုလုပ်လျက်ရှိ

ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာအားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် သံတမန်တာဝန်များကို ထူးချွန်စွာဆောင်ရွက်သည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်ပြီး အကျိုးပြုကြသည့် ပုဂ္ဂိုလ်များသည် နိုင်ငံတော်အတွက် စံနမူနာပြပုဂ္ဂိုလ်များပင်ဖြစ်ကြကြောင်း၊ ထိုသို့ထူးချွန်ပြောင်မြောက်ပြီး နိုင်ငံ့အကျိုးကို ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များကို လေးစားတန်ဖိုးထားသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နှစ်စဉ်ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်တွင်းက ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းခြင်းခံထိုက်သူများကိုသာမက ပြည်ပနိုင်ငံများက မြန်မာနိုင်ငံ၏ကောင်းရာကောင်းကျိုးကို စိတ်ကောင်းစေတနာအပြည့်ဖြင့် စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်အတွက် ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့်အပ်နှင်းရေးဆိုင်ရာလုပ်ငန်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျစိစစ်ရွေးချယ်ပြီး အမှန်တကယ်ဂုဏ်ပြုချီးမြှင့်ထိုက်သူများကိုသာ ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်သဖြင့် ဘွဲ့ခံပုဂ္ဂိုလ်များနှင့် မိသားစုဝင်များအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိသည်ကို ပြောကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်(အငြိမ်းစား)ဦးအောင်သောင်း(ကိုယ်စား)သား ဗိုလ်ချုပ်ကြီးမိုးအောင်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(အငြိမ်းစား)ဦးအောင်မင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီအဖွဲ့ဝင်(အငြိမ်းစား) ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး(အငြိမ်းစား)အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးသက်ပိုင်မြင့်(ကိုယ်စား)ဇနီး ဒေါ်နှင်းဦးလှိုင်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးအောင်သူအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းထိုက်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။

စာမျက်နှာ ၁၅ သို့ ★

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing attends ceremony to present honorary titles for 2025



Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing delivers an address at the ceremony to present honorary titles for 2025.

NAY PYI TAW March 16

Ceremony to present honorary titles for 2025 was held at Thabin Hall of the State Administration Council Chairman's Office this morning.Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing delivered an address at the ceremony and presented honorary titles.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win and wife Daw Than Than Nwe, the SAC Secretary and wife, the SAC Joint Secretary and wife, SAC members and wives, union level dignitaries, union ministers and wives, senior military officers from the Office of the Commander- in-Chief and wives, deputy ministers, officials and title recipients and families.



Senior General Min Aung Hlaing presents Pyidaungsu Sithu Thingaha Title to Lt-Gen Thet Naing Win (Retired).



Senior General Min Aung Hlaing presents Pyidaungsu Sithu Thingaha Title to Lt-Gen Khin Zaw Oo (Retired).

In his address, the Senior General said at a time when all-out efforts are

See Page - 21

■■ From Page - 21

contributed to the welfare of Myanmar. This is done to strengthen the bonds of friendship and mutual respect between nations.

The process of awarding honorary titles and medals is carried out systematically and in accordance with established regulations. Only those who truly deserve such honors are duly recognized, bringing pride and joy to the recipients and their families.

Today, at the ceremony for conferring honorary titles, a total of 50 individuals were honored. These include 13 recipients of the Sithu title, 3 recipients of the Thura title, 17 recipients of the Zeya Kyawhtin title, 14 recipients of the Wunna Kyawhtin title, 1 recipient of the Alinkar Kyaw Swa title, and 2 recipients of the Theikpa Kyaw Swa title. These awards were announced on January 4 (Independence Day) and March 2 (Peasants' Day) of 2025.

The government's implementation of the Five-Point Road-map, Nine Objectives, and Two National Goals is extensive and profound. For instance, the national prosperity initiatives encompass ensuring the rule of law, security, smooth transportation, peaceful education, and the well-being of the people in their daily lives. Each goal and objective involves detailed tasks and responsibilities across various sectors.

As is widely known, preparations are underway to hold a free and fair multi-party democratic general election. The government and the people must work together to ensure the successful conduct of this election.

The government expresses its gratitude and pride towards those who have made exceptional contributions to the nation, including those who have sacrificed and taken risks in fulfilling their duties.

It is hoped that the exemplary efforts of these individuals will inspire future generations to continue striving for the long-term stability, peace, prosperity, and modernization of the nation.

Following this, the Senior General personally conferred the honorary titles to each recipient. These included 13 recipients of the Sithu title, 3 recipients of the Thura title, 17 recipients of the Zeya Kyawhtin title, 14 recipients of the Wunna Kyawhtin title, 1 recipient of the Alinkar Kyaw Swa title, and 2 recipients of the Theikpa Kyaw Swa title.

After the ceremony, the Chairman of the State Administration Council Prime Minister posed for a group photo with the awardees.

At the conclusion of the event, the Chairman of the State Administration Council Prime Minister warmly greeted the attendees, the awardees, and their family members.





Senior General Min Aung Hlaing presents Zeya Kyawhtin Title to Maj-Gen Kyaw Kyaw Lwin.



Senior General Min Aung Hlaing presents Zeya Kyawhtin Title to Maj-Gen Thein Zaw.



Senior General Min Aung Hlaing presents Wanna Kyawhtin Title to Maj Tun Zan Aung (Retired).



Senior General Min Aung Hlaing presents Wanna Kyawhtin Title to Daw Khin Lay Gyi.



Senior General Min Aung Hlaing presents Wanna Kyawhtin Title to U Nyunt Hlaing.



Senior General Min Aung Hlaing shakes hands with Dr Soe Lwin Nyein(Retired).



Senior General Min Aung Hlaing presents Theikpa Kyaw Swa Title to Daw Nwet Nwet Khin.

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Katha Township harvests more than 15,000 acres of winter sesame

KATHA March 16

Katha Township Agriculture Department stated that local farmers have harvested 15,729 acres of winter sesame in Katha Township of Sagaing Region.

Local farmers planted 25,258 acres of winter sesame this year. Local farmers started harvesting of crops in December 2024. So far, they have harvested 15,729 acres of crops, yielding 13.88 baskets of sesame per acre.

U Ko Lay, Head of Katha Township Agriculture Department, said: "Farmers planted 25,258 acres of winter sesame in Katha Township this year. Now, farmers are harvesting the crops. So far, 15,729 acres of crops has been harvested in the township. They expanded sown acreage of sesame this year. They prefer to grow sesame in winter more than monsoon. The oil crop plantations are successfully thriving in the township."

Officials of the Township Agriculture Department raised farmer awareness for expansion of sown acreage of sesame, use of GAP and correct agricultural techniques, and cultivation of quality strains of crops to boost per-acre yield of crops.

The crops planted in GAP system can have higher quality than other crops, fetching good prices in the markets at home and abroad. Hence, the farmers who use GAP system can earn increased incomes and improve their socio-economic life. **SK**

# More than 9,000 acres of chickpea planted in YeU Township

YEU March 16

Statistics of YeU District Agriculture Department stated that a total of 9,353 acres of chickpea has been planted in YeU Township of Sagaing Region.

Local authorities earmarked cultivation of 9,270 acres of chickpea in YeU Township in 2024-2025 cold season but farmers have grown 9,353 acres of chickpea, exceeding the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department explained: "Township authorities set a plan to grow 9,270 acres of chickpea but farmers could plant 9,353 acres of crops. Sown acreage of chickpea is on the rise year by year. Our department advised local farmers to use quality seeds, agricultural inputs and post-harvest technology."

Local farmers use Yezin-8 and Yezin-11 strains of chickpea suitable for the region. They cost more than Ks-300,000 per acre of growing chickpea.

Officials of the Township Agriculture Department help local farmers use quality strains of crops, agricultural inputs and post-harvest technology, urging them to use Trichoderma in growing peas.

Sagaing Region grows the largest area of pulse and beans among other regions and states. Local farmers grow peas in double and mix-cropping patterns.

**SK**

# More than 14,000 acres of winter peanut planted in Budalin Township

BUDALIN March 16

According to the statistics of Budalin Township Agriculture Department, local farmers have planted 14,155 acres of winter peanut in Budalin Township of Sagaing Region.

In 2024-2025 cold season, township authorities earmarked 14,100 acres of winter peanut but farmers have so far planted 14,155 acres of crops exceeding the target cultivation.

U Phyo Wai, Head of Budalin Township Agriculture Department explained: "Local farmers cultivated 14,155 acres of winter peanut, with 55 exceeded acres of peanut rather than 14,100 acres of earmarked peanut this cold season. They increased sown acreage of crops, Peanut plantations are thriving in the township."

Farmers use 1.5 baskets of peanut seeds per acre in Budalin Township, costing more than Ks-200,000 per acre for quality seeds, labour charge and fertilizers and pests. The crops yields more than 50 baskets per acre.

This year, officials of the Township Agriculture Department made field trips to inspect peanut plantations whether these are thriving or not, prevent pests and weed plantations.

**SMK**

■■ From Page - 18

being made for peace, stability, progress and modernization of the nation, the strength of all nationalities plays a pivotal role and their collective participation is crucial. Success will be achieved only through the collective participation of every individual with spiritual force, awareness, and physical and intellectual capacity alongside the State's leadership. There are also honorable persons, who made brilliant performances by showing their above-average diligence, perseverance and strength. The nation is conferring honorary titles and badges on the persons, who made selfless and daring efforts brilliantly with heart and soul to the extent of their intellectual and technical knowledge under the State's leadership, on the Independence Day and other significant days.

In fact, persons who contributed brilliant efforts in nation-building task, sacrificed life in safeguarding Our Three Main National Causes, the national policy, made efforts in enforcing community peace and rule of law, made extraordinary efforts for the emergence of a modern and developed nation in accord with the political, economic and social objectives, served diplomatic duties with outstanding performance in the international affairs, introduced a world level creation or innovation in the field of science and arts or other areas, served the national interest with professional skills in literature and fine arts are the ideals of the State. Annually, the SAC is presenting titles and awards to such persons in honour of the extraordinary efforts they had made in the national interest.

Furthermore, the State Administration Council not only confers honorary titles and awards to deserving individuals within the country but also to foreign nationals who have wholeheartedly collaborated and

See Page - 19 ■■



Senior General Min Aung Hlaing presents Pyidaungsu Sithu Thingaha Title to U Thein Zaw.



Senior General Min Aung Hlaing presents Pyidaungsu Sithu Thingaha Title to U Khin Maung Soe.



Senior General Min Aung Hlaing presents Zeya Kyawhtin Title to Maj-Gen Thet Tun Aung.



Senior General Min Aung Hlaing presents Zeya Kyawhtin Title to Maj-Gen Win Myat.



Senior General Min Aung Hlaing presents Thura Title to Daw Khaing Thanda Chit.



Senior General Min Aung Hlaing presents Zeya Kyawhtin Title to Maj-Gen Nay Myo Oo.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## Climate Change, Business and Trade

# အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ချမှတ်နိုင်ရန် ထရမ့်၏ဆောင်ရွက်ချက်များက ရုရှားအား အနောက်နိုင်ငံများ၏ ဈေးကွက်သို့ ပြန်လည်ဝင်ရောက်လာစေနိုင်ဟုဆို




အမေရိကန်နှင့်ရုရှားတို့ကြား ယူကရိန်းနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ချမှတ်နိုင်ရန်အတွက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ဆောင်ရွက်ချက်များသည် ရုရှားနိုင်ငံအား အနောက်နိုင်ငံများ၏ဈေးကွက်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစေနိုင်သည်ဟု ရင်းနှီးမြှုပ်နှံသူများက မြော်တွေးလျက်ရှိကြောင်း Bloomberg က ဖော်ပြသည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်အနောက်နိုင်ငံများသည် ၂၀၂၂ ခုနှစ် ယူကရိန်းပဋိပက္ခ စတင်ဖြစ်ပွားချိန်မှစ၍ ရုရှားအပေါ်ပိတ်ဆို့မှုများချမှတ်ခဲ့သည်။ ထို့ပြင် ရုရှားနိုင်ငံအား အနောက်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများမှလည်း ဖယ်ရှားပစ်ခဲ့ပြီး ရုရှားနိုင်ငံရှိအကြီးမားဆုံး အစုရှယ်ယာဈေးကွက်အပေါ်ကိုလည်း ပိတ်ဆို့ခဲ့ကြသည်။

သို့သော် မကြာမီရက်သတ္တပတ်များအတွင်း ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ကုန်သည်များသည် ရုရှားနိုင်ငံ၏ အစုရှယ်ယာလက်မှတ်များကို ဝယ်ယူရန်ကြိုးပမ်းလာခဲ့သည်ဟု Bloomberg က ဆက်လက်ဖော်ပြသည်။ ၎င်းကုန်သည်များသည် ရုရှားစွမ်းအင်ကုမ္ပဏီကြီးဖြစ်သည့် Gazprom မှ ဒေါ်လာငွေကြေးဖြင့်ထုတ်ဝေသည့် အစုရှယ်ယာများကို ဝယ်ယူရန်အာရုံစိုက်လာခြင်းဖြစ်သည်။

အကယ်၍ ရုရှားနှင့် ယူကရိန်းတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ချမှတ်နိုင်ခဲ့ပြီးနောက် ရုရှားအပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများကို အမေရိကန်က ဖယ်ရှားပေးမည်ဆိုပါက ရုရှား၏ အစုရှယ်ယာဈေးနှုန်းမှာ ပိုမိုမြင့်တက်လာနိုင်သည်ဟု ကုန်သည်များက ခန့်မှန်းထားခြင်းဖြစ်သည်။

Ref: RT

# ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုက ၂၀၂၄ ခုနှစ်တွင် ဒေါ်လာ ၃၃ ထရီလီယံအထိ စံချိန်တင်မြင့်တက်



ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် ဒေါ်လာ ၃၃ ထရီလီယံအထိ စံချိန်တင်မြင့်တက်လာခဲ့သည်ဟု ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကထုတ်ပြန်သည့် အစီရင်ခံစာတွင်ဖော်ပြသည်။

ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုမြင့်တက်လာခြင်း၏ အဓိကအကြောင်းရင်းမှာ ဝန်ဆောင်မှုများကြောင့်ဖြစ်ပြီး အဆိုပါကဏ္ဍတိုးတက်မှုသည် စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၆၀ ရာခိုင်နှုန်းရှိသည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်၏ ကုန်သွယ်မှုပမာဏထက် ၃ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်မှု နောက်ဆုံးရအချက်အလက်များဟု အမည်ပေးထားသည့် အစီရင်ခံစာတွင်ဖော်ပြထားသည်။

ထို့ပြင် ကမ္ဘာ့ကုန်သွယ်မှုတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ကုန်သွယ်မှုပမာဏသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကုန်သွယ်မှုပမာဏကို ကျော်တက်လာပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကုန်သွယ်မှုပမာဏမှာ နှေးကွေးနေခဲ့သည်။

ယခု ၂၀၂၅ ခုနှစ် အစောပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုသည် တည်ငြိမ်လျက်ရှိသော်လည်း နိုင်ငံများကြား ပထဝီစီးပွားရေးတင်းမာမှုများ၊ မိမိနိုင်ငံ၏အကျိုးစီးပွားကိုကာကွယ်သည့် မူဝါဒများနှင့် ကုန်သွယ်ရေးအငြင်းပွားမှုများကြောင့် ကမ္ဘာ့ကုန်သွယ်မှုကို ရပ်တန့်စေနိုင်သည်ဟု ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကထုတ်ပြန်သည့် အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

Ref: Xinhua

# ရာသီဥတုပြောင်းလဲမှုကို လျှော့ချရန်အတွက် GEF က အာဖဂန်နစ္စတန်သို့ ဒေါ်လာ ၉ ဒသမ ၉၆ သန်းပေးအပ်ရန်သဘောတူ

အာဖဂန်နစ္စတန်နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကို လျှော့ချရေးနှင့် နိုင်ငံအတွင်းရှိသဘာဝအရင်းအမြစ်များကို ကာကွယ်နိုင်ရေးလုပ်ဆောင်ရန် ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကြီး(GEF) က ဒေါ်လာ ၉ ဒသမ ၉၆ သန်းပေးအပ်ရန် သဘောတူလိုက်ပြီဖြစ်ကြောင်း အာဖဂန်အမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက မတ်လ ၁၆ ရက်တွင် ပြောသည်။

အဆိုပါ ငွေကြေးထောက်ပံ့မှုသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပြောင်းလွယ်ပြင်လွယ်ရှိသည့် စိုက်ပျိုးရေးစနစ်ကို မြှင့်တင်ပေးနိုင်မည့် ကနဦးဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရန်၊ ပျက်စီးနေသည့် မြေယာများပြန်လည်ကောင်းမွန်စေရေးလုပ်ဆောင်ရန်၊ နိုင်ငံ၏အရင်းအမြစ်များအား အခွန့်ရှည်တည်တံ့အောင် စီမံခန့်ခွဲရန်၊ စားကျက်မြေပမာဏတိုးတက်လာစေရန်နှင့် ခေတ်မီရေသွင်းစိုက်ပျိုးသည့်စနစ်များဖော်ထုတ်ရန်တို့အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။

လက်ရှိတွင် အာဖဂန်နစ္စတန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အကြီးအကျယ် ရင်ဆိုင်နေရပြီး နိုင်ငံတောင်ပိုင်းရှိဒေသများတွင် အပူချိန်သည် ၂ ဒသမ ၄ ဒီဂရီ ပိုမိုမြင့်တက်လာသည်ဟု အာဖဂန်အမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ထားသည်။

ထို့ပြင် မကြာသေးမီနှစ်များအတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ရေရှားမှုများဖြစ်ပွားခဲ့ရာ နိုင်ငံ၏စုစုပေါင်းလူဦးရေ၏ ထက်ဝက်ခန့်ဖြစ်သည့် အာဖဂန်ပြည်သူ ၂၁ သန်းခန့်မှာ ထိခိုက်ခံစားခဲ့ရသည်ဟု အစိုးရကထုတ်ပြန်သည့် စာရင်းအင်းများတွင် ဖော်ပြထားသည်။

Ref: Xinhua

# ပစိဖိတ်သမုဒ္ဒရာအတွင်း ရက်ပေါင်း ၉၅ ရက်ကြာ မျောပါနေသည့် ပီရူးနိုင်ငံမှ ငါးဖမ်းသမားတစ်ဦးအား အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့

ပိုင်အီတာ၊ ထူးခြားဆန်းပြား

ပစိဖိတ်သမုဒ္ဒရာအတွင်း ရက်ပေါင်း ၉၅ ရက်ကြာ မျောပါနေသည့် ပီရူးနိုင်ငံမှ ငါးဖမ်းသမားတစ်ဦးအား အီကွေဒေါ သင်္ဘောတစ်စင်းက တွေ့ရှိပြီးနောက် အသက်ရှင်လျက် ပြန်လည်ကယ်ဆယ်နိုင်ခဲ့ကြောင်း မီဒီယာတစ်ခုက မတ်လ ၁၆ ရက်တွင်ဖော်ပြသည်။

အသက် ၆၁ နှစ်အရွယ် မက်ဆီမိုနာပါကက်စထရိုအမည်ရှိ အဆိုပါငါးဖမ်းသမားကြီးသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်က ပီရူးနိုင်ငံတောင်ပိုင်းရှိမာကိုနာမြို့မှ ငါးဖမ်းလှေတစ်စင်းဖြင့် ထွက်ခွာလာခြင်းဖြစ်ပြီး ရာသီဥတုဆိုးရွားမှုကြောင့် လမ်းကြောင်းပျောက်ကာ သမုဒ္ဒရာအတွင်း မျောပါနေခြင်းဖြစ်သည်။

ကက်စထရို၏ မိသားစုဝင်များနှင့် ငါးဖမ်းသမားများပါဝင်သည့် အဖွဲ့များသည် ၎င်းအား ၃ လကြာ လိုက်လံရှာဖွေခဲ့ကြောင်းသိရသည်။


နောက်ဆုံးတွင် ကက်စထရိုအား အီကွေဒေါငါးဖမ်းသင်္ဘောတစ်စင်းမှ အမှုထမ်းတစ်ဦးက အီကွေဒေါနိုင်ငံကမ်းလွန်တွင် တွေ့ရှိပြီးနောက် အသက်ရှင်လျက်ပြန်လည်ကယ်ဆယ်နိုင်ခြင်းဖြစ်သည်။ ငါးဖမ်းသင်္ဘောက ၎င်းအား ပြန်လည်တွေ့ရှိချိန်တွင် ကက်စထရိုမှာ ရေဓာတ်ဆိုးရွားစွာပြတ်လပ်နေခဲ့ကြောင်း သိရသည်။



ကက်စထရိုသည် သမုဒ္ဒရာအတွင်း မျောပါနေချိန်တွင် မိုးရေကိုသောက်သုံးခဲ့ပြီး အင်းဆက်များ၊ ငှက်များနှင့် လိပ်တစ်ကောင်ကို စားသောက်၍ အသက်ရှင်ရပ်တည်ခဲ့ကြောင်း၊ ထို့ပြင် ၎င်းသည် ၁၅ ရက်ကြာ အစားအစာ မစားရဘဲ ဖြတ်သန်းခဲ့ရကြောင်း သိရသည်။

Ref: Ivt

# အမေရိကန်နှင့် ရုရှားတို့ကြား ဆက်ဆံရေးနောက်တစ်ဆင့် ထပ်မံတက်လှမ်းရန် ရူဘီယိုနှင့် လက်ရော့ဆွေးနွေး




**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်နှင့် ရုရှားနိုင်ငံတို့ကြား ဆက်ဆံရေး ပြန်လည်တည်ထောင်ရန်အတွက် နောက်တစ်ဆင့်ထပ်မံတက်လှမ်းရေးနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မားကိုရူဘီယိုက ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့နှင့် ဖုန်းမှတစ်ဆင့် ပြောဆိုဆွေးနွေးခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ရူဘီယိုသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ရော့နှင့် မတ်လ ၁၅ ရက်တွင် ဖုန်းမှတစ်ဆင့် ဆက်သွယ်၍ နှစ်နိုင်ငံကြား တိုက်ရိုက်ဆက်သွယ်ရေး ပြန်လည်တည်ဆောက်ရန် ဆွေးနွေးခြင်းဖြစ်ပြီး အဆိုပါဆွေးနွေးမှုအတွင်း နှစ်နိုင်ငံကြား ဆက်ဆံရေးပြန်လည်တည်ထောင်ရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြသည်။

နှစ်နိုင်ငံစလုံးမှ နိုင်ငံခြားရေးဝန်ကြီးများ၏ဆွေးနွေးမှုသည် အမေရိကန်နှင့် ရုရှားနိုင်ငံတို့က နှစ်နိုင်ငံကြားဆက်ဆံရေးကို ပြန်လည်တည်ထောင်ရေးနှင့် ယူကရိန်းနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ချမှတ်နိုင်ရေး ကြိုးပမ်းနေစဉ် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

ရူဘီယိုနှင့်လက်ရော့တို့ကြား ဆွေးနွေးမှုအတွင်းပြောကြားခဲ့သည့်အခြားအသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ထားခြင်းမရှိပေ။

သို့သော် အဆိုပါဆွေးနွေးမှုအတွင်း ယီမင်နိုင်ငံအတွင်းရှိ ဟူသီသူပုန်များအပေါ် အမေရိကန်က လုပ်ဆောင်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများနှင့် အဆိုပါသူပုန်အဖွဲ့အား ပင်လယ်နီအတွင်း အမေရိကန်က ဆက်လက်တိုက်ခိုက်မည့် အစီအစဉ်များကိုလည်း ရူဘီယိုက လက်ရော့အား အကျဉ်းချုပ်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref:RT**

# တရုတ်နိုင်ငံတောင်ပိုင်းတွင် တိုက်လေယာဉ်တစ်စင်း လေ့ကျင့်မှုပြုလုပ်စဉ် ပျက်ကျသွားသော်လည်း လေယာဉ်မှူးက လေထီးနှင့် ဘေးကင်းရာသို့ဆင်းသက်နိုင်ခဲ့

**ပေကျင်း၊ ပြည်တွင်းရေး**

တရုတ်နိုင်ငံ တောင်ပိုင်းတွင် တိုက်လေယာဉ်တစ်စင်း လေ့ကျင့်မှုပြုလုပ်စဉ် ပျက်ကျသွားခဲ့သော်လည်း လေယာဉ်မှူးသည် လေယာဉ်ပျက်မကျမီ လေယာဉ်အတွင်းမှ အောင်မြင်စွာခုန်ထွက်၍ လေထီးနှင့်ဘေးကင်းရာသို့ ဆင်းသက်နိုင်ခဲ့ကြောင်း စစ်ဘက်သတင်းအရင်းအမြစ်က ပြောသည်။

အဆိုပါ J–15 တိုက်လေယာဉ်ပျက်ကျမှုသည် ဟိုင်နန်ပြည်နယ် လင်ကောင်းမြို့အနီး၌ မတ်လ ၁၅ ရက်က ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်အတွင်း လူသေဆုံးမှု မရှိကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ တောင်ပိုင်းစစ်နယ်ဝန်း ရေတပ်ဖွဲ့ဌာနချုပ်က ထုတ်ပြန်သည့်ကြေညာချက်တွင်ဖော်ပြသည်။



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် အဆိုပါဟိုင်နန်ပြည်နယ်တွင် လေတပ်နှင့် ရေတပ်အခြေစိုက်စခန်းအများအပြားကို ဖွင့်လှစ်ထားကြောင်းသိရသည်။

အဆိုပါ တိုက်လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

**Ref: Xinhua**

## သတင်းတိုကဏ္ဍ

### အမေရိကန်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် အင်အားပြင်းလေဆင်နှာမောင်း အကြိမ် ၄၀ ခန့် ဝင်ရောက်တိုက်ခတ်၊ အနည်းဆုံး လူ ၃၄ ဦးသေဆုံး

အမေရိကန်ပြည်ထောင်စု အလယ်ပိုင်းနှင့်တောင်ပိုင်းတို့တွင်အင်အားပြင်းလေဆင်နှာမောင်း အကြိမ်၄၀ ခန့် ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံးလူ ၃၄ ဦးသေဆုံးခဲ့ကြောင်းသိရသည်။

အဆိုပါ လေဆင်နှာမောင်းများ တိုက်ခတ်မှုသည် မတ်လ ၁၅ ရက်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး နောက်ပိုင်းတွင် နိုင်ငံ၏အရှေ့တောင်ပိုင်းသို့ကိုပါ ဆက်လက်ခြိမ်းခြောက်လာခဲ့ကြောင်း ABC သတင်းဌာနကဖော်ပြထားသည်။

နိုင်ငံတောင်ပိုင်းရှိမစ္စစ္စပီပြည်နယ်တွင် လေဆင်နှာမောင်းများတိုက်ခတ်မှုကြောင့် ခရိုင်သုံးခုအတွင်း၌ လူခြောက်ဦးသေဆုံးပြီး အခြားသုံးဦးပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးတိတ်ရိကပြောသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုသည် အခြားပြည်နယ်တစ်ခုဖြစ်သည့် အာကင်ဆပ်ပြည်နယ်အတွင်း၌ မတ်လ ၁၅ ရက်နှောင်းပိုင်းက ဆက်လက်ဝင်ရောက်တိုက်ခတ်ခဲ့ရာ ယင်းပြည်နယ်တစ်ခုတည်းမှာပင် လူ ၃၀ ကျော် ဒဏ်ရာရရှိသွားကြောင်းသိရသည်။

ထို့ပြင် လေဆင်နှာမောင်းများ ဝင်ရောက်တိုက်ခတ်မှုကြောင့် နိုင်ငံအလယ်ပိုင်းရှိပြည်နယ်အတော်များများ၌ တောမီးလောင်ကျွမ်းမှု၁၀၀ ကျော်ဖြစ်ပွားခဲ့ကြောင်း CBS သတင်းဌာနက ဖော်ပြထားသည်။

**Ref: Xinhua**

### ထရမ့်လက်မှတ်ရေးထိုးသည့် အမိန့်ကြေညာချက်ကြောင့် အမေရိကန်မီဒီယာကြီးများ၏ လည်ပတ်မှု ရပ်ဆိုင်းရမည့်အလားအလာရှိဟုဆို

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကမ္ဘာ့မီဒီယာဆိုင်ရာအမေရိကန်အေဂျင်စီ (USAGM) အပေါ် အဓိကပစ်မှတ်ထားသည့် အမိန့်ကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံအတွင်းရှိ မီဒီယာကြီးများ၏ လည်ပတ်မှုသည် ရပ်ဆိုင်းရမည့်အလားအလာရှိသည်ဟု Radio Free Europe/Radio Liberty(RFE/RL) က မတ်လ ၁၅ ရက်တွင် အတည်ပြုလိုက်ကြောင်းသိရသည်။

USAGM သည် အမေရိကန်နိုင်ငံပိုင် မီဒီယာများအား ရန်ပုံငွေထောက်ပံ့ပေးပြီး ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုကို ကြီးကြပ်ကွပ်ကဲရသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ သို့သော် အဆိုပါအေဂျင်စီ၏ ငွေကြေးထောက်ပံ့မှုများကို ထရမ့်က ကန့်သတ်လိုက်သည့်အမိန့်ကြေညာချက်တစ်ရပ်ကို မတ်လ ၁၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် USAGM ၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ မီဒီယာကြီးများဖြစ်သည့် Voice of America (VOA)၊ RFE/RL နှင့် Radio Free Asia (RFA) တို့အနေဖြင့် အစိုးရ၏ ရန်ပုံငွေထောက်ပံ့မှု ဖြတ်တောက်ခံရခြင်းကြောင့် ၎င်းတို့၏လည်ပတ်မှုများမှာ ရပ်ဆိုင်းရမည့်အခြေအနေနှင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်းသိရသည်။

RFE/RL အပါအဝင် အမေရိကန်မီဒီယာများအပေါ် ရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းလိုက်ခြင်းသည် အမေရိကန်၏ရန်သူများအတွက် ကြီးမားသည့်လက်ဆောင်တစ်ရပ်ပင်ဖြစ်သည်ဟု RFE/RL ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် စတီဖင်ကေးပက်က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြခဲ့ကြောင်းသိရသည်။

**Ref: RT**

# ယီမင်တွင် အမေရိကန်၏လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးသူဦးရေမှာ ၃၁ ဦးအထိ မြင့်တက်လာပြီး အနည်းဆုံး ၁၀၁ ဦးဒဏ်ရာရရှိ

**ဆာနား၊ စစ်ရေး**

ယီမင်နိုင်ငံတွင်အမေရိကန်စစ်ဘက်၏လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးသူဦးရေမှာ ၃၁ ဦးအထိမြင့်တက်လာပြီး အနည်းဆုံး ၁၀၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း Al Jazeera သတင်းဌာနက မတ်လ ၁၆ ရက်တွင် ဖော်ပြသည်။

အမေရိကန်စစ်ဘက်သည် မြို့တော်ဆာနား၊ နိုင်ငံမြောက်ပိုင်းရှိ ဟူသီသူပုန်အဖွဲ့၏ အခိုင်အမာ ခြေကုပ်စခန်းတစ်ခုဖြစ်သည့် ဆာဒါးပြည်နယ်ရှိ သူပုန်အဖွဲ့၏ ပစ်မှတ်များအပေါ် အဓိကထားသည့် လေကြောင်းမှ တိုက်ခိုက်မှုများကို မတ်လ ၁၅ ရက် ညပိုင်းမှစတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုများကြောင့် သေဆုံးသူအရေအတွက်မှာ ဆက်လက်မြင့်တက်လာနိုင်သည်ဟုမျှော်လင့်ရကြောင်း သိရသည်။

အမေရိကန်တို့သည် ဆာနားမြို့တော်အတွင်း လုပ်ဆောင်ခဲ့သည့် တိုက်ခိုက်မှုအတွင်း ဟူသီသူပုန်အဖွဲ့က ထိန်းချုပ်ထားသည့် ရုပ်သံထုတ်လွှင့်ရေးစခန်းအနီးရှိခဲယမ်းနှင့်ဒုံးပျံသိုလှောင်ရုံများကို အဓိကပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။



ယီမင်နိုင်ငံတွင် လုပ်ဆောင်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများသည် အမေရိကန်ကုန်တင်သင်္ဘောများ၊ ဝေဟင်နှင့်ရေပြင်ပိုင်ဆိုင်မှုများကို ကာကွယ်ရန်နှင့် လွတ်လပ်သည့် ရေကြောင်းဆက်သွယ်ရေးလမ်းကြောင်းကို ထိန်းသိမ်းထားနိုင်ရန်တို့အတွက် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ဆိုရှယ်ဝက်ဆိုက်ပေါ်တွင် ရေးသားဖော်ပြခဲ့ကြောင်းသိရသည်။ **Ref: Xinhua**

# ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မိုးညိုမြို့၊ ရွှေဥဒေါင်းရပ်ကွက်၊ ဝေဇယန္တာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနရာသဘာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) သက်တော်(၈၆)နှစ်၊ သိက္ခာ (၆၆)ဝါရှိ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် မတ် ၁၆

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မိုးညိုမြို့၊ ရွှေဥဒေါင်းရပ်ကွက်၊ ဝေဇယန္တာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနရာသဘာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) သက်တော်(၈၆)နှစ်၊ သိက္ခာ (၆၆)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂)ရက်၊ မတ်လ ၁၅ ရက်၊ စနေနေ့၊ နံနက် (၃)နာရီ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိဈာပနအခမ်းအနားကို ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက်၊ ဧပြီလ ၉ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊
မိုးညိုမြို့၊ ရွှေဥဒေါင်းရပ်ကွက်၊
ဝေဇယန္တာပရိယတ္တိစာသင်တိုက်
ဦးစီးပဓာနနာယက ဘဒ္ဒန္တနရာသဘာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)မိုးညိုမြို့နယ် လက်ပံခုံရွာ၊ ခမည်းတော် ဦးဘိုးခန့် + မယ်တော် ဒေါ်လှစိန်တို့မှ ၁၃၀၀-ခုနှစ်၊ တပေါင်းလဆန်း (၁၅)ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၃ ခုနှစ်၊ နယုန်လဆန်း (၄)ရက်နေ့တွင် မိုးညိုမြို့နယ်၊ လက်ပံခုံရွာ၊ ဓမ္မရက္ခိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မပိယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၀-ခုနှစ်၊ နယုန်လဆန်း (၄)ရက်၊ အင်္ဂါနေ့တွင် ဓမ္မရက္ခိတာရုံကျောင်း ခဏ္ဍာသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မပိယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မိုးညိုမြို့နယ်၊ လက်ပံခုံရွာ၊ ဓမ္မရက္ခိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မပိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကွင်းကျောင်းဆရာတော်၊ ဗဟန်းမြို့နယ်၊ ဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါသဝါဘိဝံသ၊ မန္တလေးမြို့၊ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တနေမိန္ဒ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၂၅ ခုနှစ်တွင် "သာသနဓဇဓမ္မာစရိယ" ဘွဲ့ကိုလည်းကောင်း၊ ၁၃၂၈ ခုနှစ်တွင် "စေတိယင်္ဂဏဓမ္မာစရိယ" ဘွဲ့ကိုလည်းကောင်း ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကွင်းကျောင်းတိုက်၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ မိုးညိုမြို့နယ်၊ လက်ပံခုံရွာ၊ ဓမ္မရက္ခိတာရုံကျောင်းတိုက်နှင့် မိုးညိုမြို့၊ ဝေဇယန္တာပရိယတ္တိစာသင်တိုက်တို့၌ ရဟန်း၊ သာမဏေများအား ပရိယတ္တိစာပေများသင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်းနှင့်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ (မဟာဒွါရ) ဥက္ကဋ္ဌ၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးအဖွဲ့ဝင် ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပိဋ္ဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ မဟာထေရဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဒ္ဓီပေသလသိက္ခာကာမဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ဂန္ထရဗာဟုသစ္စဂုဏ်၊ ဗဟုဇနဟိတသုခါဝဟဂုဏ်၊ ဂန္ထရစနာဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၇၆ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၈၃ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း-**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၆)နှစ်၊ သိက္ခာ(၆၆)ဝါအရ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၂)ရက်၊ မတ်လ ၁၅ ရက်၊ စနေနေ့၊ နံနက် ၃ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိဈာပနအခမ်းအနားကို ၁၃၈၆-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၂)ရက်၊ ဧပြီလ ၉ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် မတ် ၁၆

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပင်လောင်းမြို့နယ်နှင့် လွိုင်လင်မြို့နယ်တို့၌ ဘိန်းခင်းများဖျက်ဆီး

နေပြည်တော် မတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်နှင့် လွိုင်လင်မြို့နယ်တို့၌ မတ်လ ၁၅ ရက်နေ့က ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့မှ ဘိန်းခင်းဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၁၅ ရက်နေ့ နံနက် ၈ နာရီ ၃၅ မိနစ်အချိန်တွင် ပင်လောင်းမြို့နယ်၊ ပင်တီးကျေးရွာ၏မြောက်ဘက် ၅ ဖာလုံခန့် အကွာ အမြင့် ၃ ပေခန့်ရှိ ဘိန်းခင်း ၂၅ ဧကခန့်အားလည်းကောင်း။

အလားတူ နံနက် ၇ နာရီ ၅၀ မိနစ်အချိန်တွင် လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ်၊ ဟဲနန်းကျေးရွာ၏ အရှေ့မြောက်ဘက် ၆ မိုင်ခွဲခန့်အကွာ အမြင့် ၃ ပေခန့်ရှိဘိန်းခင်း ၇ ဧကခန့်အားလည်းကောင်း၊ ဟဲနန်းကျေးရွာ၏ အရှေ့ဘက် ၆ မိုင်ခွဲခန့်အကွာ အမြင့် ၃ ပေခန့်ရှိ ဘိန်းခင်း ၆ ဧကခန့်အားလည်းကောင်း၊ စုစုပေါင်းဘိန်းခင်း ၁၃ ဧကခန့်အား ဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°C | / | ၃၉°C |
| ရန်ကုန် | ၂၂°C | / | ၃၈°C |
| မန္တလေး | ၂၄°C | / | ၄၁°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၈)နှစ် သမိုင်းမှတ်တိုင်မော်ကွန်း


ဇေယျာမျိုးမြင့်(MoFA)

“မတ်လ”တစ်နည်းအားဖြင့် မြန်မာနှစ် တပေါင်းလ အခါသမယ၏ နွေရာသီ လေပြည်လေးများသည် ငြိမ်းချမ်းသော အသွင်ကိုဆောင်လျက် တသုန်သုန်ဆော်သွေး တိုက်ခတ်နေပါသည်။ “တပေါင်း သာခေါင်လများနှောင်”ဆိုစကားနှင့်အညီ ပတ်ဝန်းကျင်တစ်ခွင်မှာ သာယာလှပ၊ ကြည်လင်ငြိမ်းချမ်းခြင်းတို့ဖြင့် တင့်တယ်လျက်ရှိပါသည်။ နေပြည်တော်ရှိ ရုံးအမှတ် (၉) အမည်နာမခေါ်တွင်သည့် ထည်ဝါသောရုံးအဆောက်အအုံကြီးရှေ့ရှိ မြန်မာနိုင်ငံအလံသည် တိမ်အပြာနုရောင်၊ တိမ်မီးခိုးရောင်ဖျော့ဖျော့နှင့် အဖြူရောင်တိမ်စိုင်တိမ်လိပ်များနှင့်အပြိုင် မိုးကောင်းကင်ယံတွင် ငွားငွားစွင့်စွင့်ဝင့်ဝင့် ကြွားကြွားလွင့်ပျံ့နေပါသည်။ ထိုကျက်သရေရှိလှသည့်အဆောက်အအုံသည်ကား မြန်မာနိုင်ငံ၏အထင်ကရ နိုင်ငံခြားရေးဝန်ကြီးဌာနပင်ဖြစ်ပါသည်။




**စတင်အုတ်မြစ်တည်ခဲ့သည့် သမိုင်းမှတ်တိုင်များ**

လွတ်လပ်ရေးမရမီ တစ်နှစ်ခန့်အလို ၁၉၄၇ ခုနှစ် မတ်လ ၁၇ ရက်တွင် စတင်မော်ကွန်းတင်ခဲ့သည့်နိုင်ငံခြားရေးဝန်ကြီးဌာန သမိုင်းစာမျက်နှာများသည် “Diplomacy is the first line of defense”ဆိုသော စကားရပ်နှင့်အညီ မြန်မာနိုင်ငံ၏ဖြတ်သန်းခဲ့ရသော ခရီးလမ်းတစ်လျှောက်တွင် အရေးပါသော တစ်ထောင့်တစ်နေရာမှ အစဉ်အမြဲ ပါဝင်ခဲ့၊ ပါဝင်လျက်၊ ပါဝင်သွားမည်မှာ မငြင်းဆန်နိုင်သော အမှန်တရားပင်ဖြစ်ပါသည်။


(၁၇-၃-၁၉၄၇) ရက်နေ့မှစ၍ နိုင်ငံခြားရေးဌာန
(Department of Foreign Affairs)
တည်ထောင်ခဲ့သည့် အမိန့်စာ

No.77D-(SM)47
GOVERNMENT OF BURMA
DEFENCE AND EXTERNAL AFFAIRS DEPARTMENT.

Dated Rangoon, the 17th March 1947.

MEMORANDUM

All Secretaries to Government / Heads of Departments / Commissioners of Divisions / Deputy Commissioners are informed that with effect from the 17th March 1947, a separate Department of Foreign Affairs has been formed. The subjects to be dealt with in the Department of Foreign Affairs are shown in the list attached.

All communications in regard to the subjects mentioned in the list should be made to the Department of Foreign Affairs.

U Shwe Baw, I.C.S., Secretary to the Executive Council of His Excellency the Governor will be the Secretary of the Department of Foreign Affairs.

The Defence and External Affairs Department will hereafter be designated as Defence Department.

17/3/47
(Kyaw Nyein)
Under Secretary,
Defence & External Affairs Department.

All Secretaries to Government
Heads of Departments
Commissioners of Divisions
Deputy Commissioners.

Subjects to be dealt with in the Department of Foreign Affairs.

1. Agreements, Treaties, etc.
2. Boundary
3. Budgets - Foreign Affairs Budget
4. Burma Diplomatic Service
5. Chinese Claims
6. Consuls
7. Custodian of Enemy Property
8. Extradition and deportation
9. Foreign Affairs
10. International Affairs
11. Missionaries
12. Opium [illegible] other narcotic drugs
13. [illegible] Railway
[illegible] of reports and [illegible]
15. Reparation [illegible]
16. Claims against [illegible]
17. Repatriation of foreigners
18. Reports from officers in the frontier
19. Trading with the Enemy
20. United Nations Organization
21. Miscellaneous - All references in so far as foreign affairs aspect is concerned.

သမိုင်းစာမျက်နှာများကို လွမ်းမောဖွယ်အဖြစ် လှန်လှောကြည့်မိပါက လွတ်လပ်ရေးရပြီးချိန်တွင်မြန်မာနိုင်ငံ၏နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာများကို ဆောင်ရွက်သွားရန်ဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားရေးဌာနကို “Department of Foreign Affairs”အဖြစ် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ စတင်ထူထောင်စဉ်က အတွင်းဝန်တာဝန်ဖြင့် အရာထမ်းတစ်ဦး၊ အမှုထမ်းရှစ်ဦး စုစုပေါင်းဝန်ထမ်းအင်အား ကိုးဦးသာ ရှိခဲ့ပါသည်။ အခြေအနေအရ နည်းပါးသောအင်အားဖြင့် စတင်ခဲ့ရသော်လည်း ခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ၁၉၄၈ ခုနှစ် မေလ ၄ ရက်တွင် နိုင်ငံခြားရေးရုံး “Foreign Office”ဟု အမည်ပြောင်းလဲခဲ့ပြီး အတွင်းဝန်ရာထူးကိုလည်း အမြဲတမ်းအတွင်းဝန်အဖြစ် ပြောင်းလဲသုံးစွဲခဲ့ကြပါသည်။ လက်ရှိသုံးစွဲနေသည့်နိုင်ငံခြားရေးဝန်ကြီးဌာန “Ministry of Foreign Affairs” (MoFA)အမည်ကို ၁၉၆၇ ခုနှစ် မေလ ၂၅ ရက်တွင် စတင်သုံးစွဲခဲ့သည်မှာ ယနေ့တိုင်ခဲ့ပြီဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ**

နိုင်ငံခြားရေးမူဝါဒဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စွမ်းအားများကိုစီမံခန့်ခွဲ၍ နိုင်ငံအကျိုးကိုဖော်ဆောင်သည့် အမျိုးသားရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ အနှစ်သာရသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖော်ဆောင်ခြင်းဖြစ်ပါသည်။ အမျိုးသားလုံခြုံရေး၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ တရားမျှတပြီး တည်ငြိမ်အေးချမ်းသည့် ကမ္ဘာ့ပတ်ဝန်းကျင် တိုးတက်ဖြစ်ထွန်းရေးကို ဦးတည်ချက်ထားရှိကြပါသည်။ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို အလေးထားမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားမှု စသည်တို့ကို တန်ဖိုးထားဖော်ဆောင်သည့် မူဝါဒဖြစ်ပါသည်။

မြန်မာ့နိုင်ငံခြားရေးမူဝါဒသည်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်အပေါ်ရပ်တည်၍ တန်းတူရည်တူရှိမှု၊ ကမ္ဘာ့ရေးရာများတွင် ဘက်မလိုက်မှု၊ ချစ်ကြည်ရင်းနှီးစွာ မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံမှု၊ ကုလသမဂ္ဂအဖွဲ့ကြီးအား အားပေးထောက်ခံမှု၊ ပူးပေါင်းဆောင်ရွက်ရေးကို အကျိုးတူမှု၊ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် အကျိုးရှိမည့် နှောင်ကြိုးမပါသော ပြင်ပအကူအညီထောက်ပံ့မှုများကို ရယူဆောင်ရွက်သွားရေး စသည့်အခြေခံမှုများနှင့်အညီ ကျင့်သုံးခြင်းဖြစ်ကြောင်း ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည်လည်း ဖြတ်သန်းခဲ့ရသည့် နိုင်ငံသမိုင်းကြောင်း တိုးတက်ဖြစ်ထွန်းမှုများနှင့်အတူ အဆင့်ဆင့်ပြောင်းလဲခဲ့ကြောင်း တွေ့ရှိနိုင်ပါသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးရရှိချိန်တွင် အင်အားကြီးအုပ်စုများအကြား ရှောင်ရှားလိုသည့် “အပြုသဘောထားသည့် ကြားနေဝါဒ” ( Positive Neutrality)ဖြင့်ရပ်တည်ခဲ့သည်။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်တော်လှန်ရေးကောင်စီအစိုးရလက်ထက်ကာလများတွင် “ Positive Neutrality ”ကို ဆက်လက်ကျင့်သုံးခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ၁၉၇၃ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ပထမအကြိမ် ပါတီညီလာခံမှ “လွတ်လပ်သည့် နိုင်ငံခြားရေးဝါဒ” (Independent Foreign Policy)ကိုလည်းကောင်း၊ ၁၉၈၁ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏စတုတ္ထအကြိမ် ပါတီညီလာခံမှ “လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးဝါဒ” (Independent and Active Foreign Policy)ကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာချက်(၃/၈၈)ဖြင့် “လွတ်လပ်၍တက်ကြွသောနိုင်ငံခြားရေးဝါဒ”ကို ပြန်လည်အတည်ပြု၍လည်းကောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၄၁ အရ) “လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ” (Independent, Active and Non-aligned Foreign Policy)အဖြစ်လည်းကောင်း၊ ခေတ်အဆက်ဆက် အဆင့်ဆင့် တိုးတက်ပြောင်းလဲခဲ့သော်လည်း အခြေခံအနှစ်သာရဖြစ်သော လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့်နယ်မြေတည်တံ့မှု၊ နိုင်ငံတော်လုံခြုံရေး၊ စည်းလုံးညီညွတ်ရေး၊ ကိုယ့်အားကိုယ်ကိုးရပ်တည်နိုင်ရေးနှင့်ငြိမ်းချမ်းရေးတို့သည် ပြောင်းလဲမှုမရှိဘဲ အမျိုးသားရေးအကျိုးစီးပွားကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်းဖြစ်ပါသည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒအပေါ် ရပ်တည်၍ နိုင်ငံတကာဆက်ဆံရေးကိုနှစ်နိုင်ငံဆက်ဆံရေး(Bilateral relations)ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစပ်ရေး(Regional integration)နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး(Multilateralism)စသည့် နယ်ပယ်များတွင် ကျင့်သုံးလျက်ရှိပြီး မိတ်ဝတ်မပျက်သည့်ဆက်ဆံရေး၊ပူးပေါင်းဆောင်ရွက်သည့်ဆက်ဆံရေးကို ထူထောင်လျက်ရှိပါသည်။

**မျက်မှောက်ကာလမော်ကွန်း**

နိုင်ငံခြားရေးဝန်ကြီးဌာန စတင်တည်ထောင်ပြီးချိန်မှ ခေတ်အဆက်ဆက်များတွင် သမိုင်းပေးတာဝန်များကို အောင်မြင်စွာ မော်ကွန်းတင်နိုင်စေရန် လက်ဆင့်ကမ်းတာဝန်ယူသူများအဖြစ် (၇၈)နှစ်တာကာလအတွင်း နိုင်ငံခြားရေးဝန်ကြီး ၂၅ ဦး (ဦးနု၊ ဦးစဝ်ခွန်ချိုနှင့် ဦးဝဏ္ဏမောင်လွင်တို့သည် နှစ်ကြိမ်စီ တာဝန်ထမ်းဆောင်ခဲ့ပါသည်)နှင့် ဒုတိယဝန်ကြီး ၁၈ ဦးတို့မှ ထမ်းဆောင်ခဲ့ကြပါသည်။ လက်ရှိကာလတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၏ ဦးဆောင်မှု၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်တို့၏ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်မှုတို့ဖြင့် ပြည်တွင်းပြည်ပရှိ ဝန်ထမ်းထောင်ကျော်အင်အားတို့သည် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက် ထမ်းဆောင်လျက်ရှိပါသည်။ အင်အား၏သုံးပုံနှစ်ပုံမှာ မြန်မာနိုင်ငံရှိ ရုံးဌာနချုပ်တွင် ထမ်းဆောင်လျက်ရှိပြီး သုံးပုံတစ်ပုံမှာ ကမ္ဘာ့တစ်ဝှမ်းလွှားရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် အသီးသီးကာလအလိုက် အလှည့်ကျတာဝန်ထမ်းဆောင်လျက်ရှိပါသည်။

လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးမြှင့်ရေးသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် သံတမန်ရေးရာများတွင် ထုံးတမ်းအစဉ်အလာအရ အပြန်အလှန်အသိအမှတ်ပြုဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နှစ်နိုင်ငံဆက်ဆံရေးအရ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် မြန်မာသံရုံး ၃၇ ရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး သုံးရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ၁၁ ရုံး စုစုပေါင်း ၅၁ ရုံး ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်

**စာမျက်နှာ ၂၆ သို့**

⏭ စာမျက်နှာ ၂၅ မှအဆက်

၂၀၂၂ ခုနှစ်တွင်တရုတ်နိုင်ငံရှိ ချုံချင့်မြို့၊ ၂၀၂၃ ခုနှစ်တွင် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး)ရှိ ဒူဘိုင်းမြို့၊ ဘယ်လာရုစ်သမ္မတနိုင်ငံရှိ မင့်စ်မြို့၊ ရုရှားနိုင်ငံ နိုဗိုစီဗစ်နှင့်စိန့်ပီတာစဘတ်မြို့ တို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် ဗာတီကန်နိုင်ငံနှင့်ယူအေအီးနိုင်ငံ တို့မှ မြန်မာနိုင်ငံတွင် သံရုံးသစ်များ လာရောက်ဖွင့်လှစ်ခဲ့ပါသည်။ ယခုနှစ် အတွင်း အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး)၊ အဘူဒါဘီမြို့တို့တွင် မြန်မာသံရုံးအသစ်များဖွင့်လှစ်သွားနိုင်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကာတာနိုင်ငံ ဒိုဟာမြို့တွင်လည်း မြန်မာသံရုံး အသစ်ဖွင့်လှစ်နိုင်ရေးညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မှတ်တမ်းများအရ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၆ နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားရှိပြီး ကမ္ဘာ့နိုင်ငံ ၄၆ နိုင်ငံမှ သံရုံး၊ အဖွဲ့ရုံးနှင့်ကောင်စစ်ဝန်ချုပ်ရုံး ၅၀ ရုံးကို မြန်မာနိုင်ငံတွင် လက်ခံဖွင့်လှစ်ထားရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက် နိုင်ငံတကာဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှုများအနေဖြင့် ၆-၃-၂၀၂၃ ရက်တွင် ဂီနီဘစ်ဆောနိုင်ငံနှင့် သံတမန်ဆက်ဆံရေးတိုးချဲ့ထူထောင်ခဲ့ပြီး ယူဂန္ဓာ၊ နမီးဘီးယား၊ မိုဇမ်းဘစ်နိုင်ငံတို့နှင့် သံတမန်ဆက်ဆံရေးထပ်မံတိုးချဲ့ ထူထောင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစိုးရသက်တမ်းကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ပနိုင်ငံများမှ သံအမတ်ကြီး ၂၁ ဦး၏ သံအမတ်ခန့်အပ်လွှာများအား အခမ်းအနားဖြင့် လက်ခံပေးခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများဖြင့် နိုင်ငံတကာအစည်းအဝေးများ ပါဝင်တက်ရောက်မှုများ၊ ခရီးစဉ်သွားရောက်မှုများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မကြာသေးမီရက်ပိုင်းဆီက သွားရောက်ခဲ့သော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်များသည် အထင်ကရဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် ASEAN ထိပ်သီးအစည်းအဝေး၊ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့အရှေ့ဖျားစီးပွားရေးဖိုရမ်၊ ၂၀၂၄ ခုနှစ်တွင် GMS ထိပ်သီးအစည်းအဝေး၊ ACMECS ထိပ်သီးအစည်းအဝေး၊ CLMV ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် GMS ထိပ်သီးအစည်းအဝေး၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် MLC ထိပ်သီးအစည်းအဝေးများတွင် Video conferencing စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။ ၂၀၂၂ တွင် BIMSTECS ထိပ်သီးအစည်းအဝေး၊ ၂၀၂၄ ခုနှစ်တွင် NAM ထိပ်သီးအစည်းအဝေးနှင့် ACD ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးက တက်ရောက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ် ASEAN ထိပ်သီးအစည်းအဝေးများသို့ အမြဲတမ်းအတွင်းဝန်က တက်ရောက်ခဲ့ပါသည်။

လက်ရှိကာလ နိုင်ငံတကာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ကုလသမဂ္ဂအေဂျင်စီ ၁၆ ခုနှင့် INGO ၂၁၆ ဖွဲ့မှ နိုင်ငံခြားသားဝန်ထမ်းများနှင့် ဒေသခန့်ဝန်ထမ်းများဖြင့် နိုင်ငံအနှံ့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တစ်နှစ်လျှင်နှစ်ကြိမ် ကုလသမဂ္ဂကိုယ်စားလှယ်များနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးမှုပြုလုပ်ပြီး စီမံကိန်းဒေသများသို့လည်း ခရီးစဉ်များ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါသည်။

ICRC, UNOCHA, UNHCR, UNOPS, UNODC, IFRC, UNDSS, UNEDG, UNICEF, IOM, UNFPA တို့မှ အဆင့်မြင့်အရာရှိကြီးများ မြန်မာနိုင်ငံသို့လာရောက်တွေ့ဆုံဆွေးနွေးပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်ခရီးစဉ်များနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌနိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်ခရီးစဉ်များကိုလည်း လက်ခံဆောင်ရွက်ပေးခဲ့ပါသည်။

အာဆီယံ AHA ၏ ပူးပေါင်းဆောင်ရွက်မှုအဆိုပြုချက်အားလုံးကို ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၂၁-၂၀၂၃ ပထမအဆင့်တွင် နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးများရှိ ဆေးရုံကြီးများသို့ အမေရိကန်ဒေါ်လာ ၁၅ သန်းဖိုးရှိ ကိုဗစ်-၁၉ ကာကွယ်ရေးဆေးဝါးအကူအညီများ လက်ခံဖြန့်ဝေနိုင်ခဲ့ကာ ၂၀၂၃-၂၀၂၅ ဒုတိယအဆင့်တွင် စစ်ကိုင်း၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ ဆီဆိုင်၊ မောက်မယ်၊ ညောင်ရွှေ၊ မုံရွာ၊ ရွှေဘို၊ ကျောက်ထု၊ ထီးလင်း၊ မော်လမြိုင်၊ ချောင်းဆုံ၊ ဘားအံ၊ ကော့ကရိတ်၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ကျိုက်ထို၊ ဘီးလင်း၊ လှိုင်လင်မြို့နယ်တို့တွင် အမေရိကန်ဒေါ်လာ လေးသန်းကျော်တန်ဖိုးရှိ အစားအသောက်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ဖြန့်ဝေပေးခဲ့ပြီး AHA monitoring Team ဖြင့်လည်း လက်ရှိအချိန်အထိ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအနေဖြင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ငါးနိုင်ငံတွင် လူဦးရေသန်း ၃၂၀၀ ကျော်နေထိုင်ပြီး လူမျိုး၊ ဘာသာ၊ နိုင်ငံရေးနှင့်အုပ်ချုပ်ရေးစနစ် မတူကွဲပြားသည့်အတွက် ဖြစ်ပေါ်နေသော စိန်ခေါ်မှုများအား နီးကပ်သောဆက်ဆံမှုနှင့် ဖြေရှင်းကျော်လွှားနိုင်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ဒေသတွင်း ထိပ်သီးအစည်းအဝေးများ၊ ဝန်ကြီးအဆင့် အစည်းအဝေးများနှင့် အလွတ်သဘောအစည်းအဝေးများတွင် ပိုမိုထိတွေ့ဆက်ဆံဆွေးနွေးနိုင်ခြင်းကြောင့် မြန်မာနိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကို အဓိကစိန်ခေါ်နေသည့် မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှု၊ လက်နက်မှောင်ခိုမှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြင့်တက်လာပြီး မြန်မာ့နိုင်ငံအရေးကို မြန်မာကိုယ်တိုင်ဦးဆောင်သည့် မြန်မာ့၏ ကိုယ်ပိုင်အစီအမံဖြင့်သာ ဆောင်ရွက်ရမည်ကို နိုင်ငံတကာမှသိရှိလက်ခံလာခဲ့သလို မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကြား ရွှေ့ပြောင်းလူအုပ်စုများကိစ္စကိုလည်း ပြင်ပစွက်ဖက်မှုမပါဘဲ နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ရေးသဘောထား ရရှိခဲ့ပါသည်။

ဒေသတွင်း နိုင်ငံများမှ ပြစ်ဒဏ်ကျခံနေရသည့်အကျဉ်းသားများအား အခါအားလျော်စွာ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ အွန်လိုင်းလိမ်လည်မှုတွင် ပါဝင်နေသောနိုင်ငံများမှ နိုင်ငံခြားသားများအား ရှာဖွေကယ်ဆယ်ဖမ်းဆီး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ ပြုလုပ်ပေးခဲ့ခြင်း၊ မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိသွားသူများအား သံတမန်လမ်းကြောင်းမှ ညှိနှိုင်း၍ ပြန်လည်လွှဲပြောင်းနိုင်ခဲ့ခြင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရောက်ရှိနေပြီး မမျှော်လင့်ဘဲ အခက်အခဲများကြုံတွေ့ခဲ့ရသော မြန်မာနိုင်ငံသားများအား လိုအပ်သည့်အကူအညီများပေးအပ်နိုင်ရေး၊ လိုအပ်ပါက အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးတို့ကိုလည်း မြန်မာသံရုံး၊ မြန်မာအဖွဲ့ရုံးနှင့်ကောင်စစ်ဝန်ချုပ်ရုံးများက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကူညီဆောင်ရွက်ပေးမှုများမှာလည်း သိသာထင်ရှားသော သံတမန်ရေးရာဆောင်ရွက်ချက်များဖြစ်ပါသည်။

**နိဂုံး**

နိဂုံးချုပ်အနေဖြင့် ထင်ရှားပေါ်လွင်သည့် အစဉ်အလာကောင်းများရှိသော မြန်မာသံတမန်လောကတွင် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ရန် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းသံတမန်များအနေဖြင့် ဘိုးဘေးဘီဘင်အဆက်ဆက် လက်ဆင့်ကမ်းစွမ်းဆောင်ခဲ့မှုကြောင့်တည်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး လာမည့်နှစ်ပေါင်းများစွာတိုင် ဆက်လက်တည်တံ့ခိုင်မြဲရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် သစ္စာရှိရှိတာဝန်သိသိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြမည်မှာ သမိုင်းပေးတာဝန်ဖြစ်ပါကြောင်းဖော်ပြလျက် ၂၀၂၅ ခုနှစ် မတ်လ ၁၇ ရက်တွင်ကျရောက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အား မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# MYAWADDY TRADING LIMITED



ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။

Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com



## ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd




ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

## ကုန်ဆုံးသွားသော စွမ်းအားများ




## DAGON Malta Fresh

## နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။



# ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲအရေအတွက်အနည်းဆုံးဖြင့် သွင်းဂိုးနှင့်ဂိုးဖန်တီးမှုအကြိမ်ရေ ၁၀၀ ပြည့်မြောက်သည့်ကစားသမားအဖြစ် ဟာလန်းမှတ်တမ်းဝင်




မန်ချက်စတာ မတ် ၁၆

မန်စီးတီးအသင်းတိုက်စစ်ကစားသမား ဟာလန်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၈)အဖြစ် ကစားသည့် မန်စီးတီးအသင်းနှင့် ဘရိုက်တန်အသင်းတို့ ပွဲစဉ်၌ အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲအရေအတွက်အနည်းဆုံးဖြင့် သွင်းဂိုးနှင့်ဂိုးဖန်တီးမှု (ဂိုးပါဝင်ပတ်သက်မှု) အကြိမ်ရေ ၁၀၀ ပြည့်မြောက်သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းနှင့် ဘရိုက်တန်အသင်းတို့ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်၌ ဟာလန်းသည် ပွဲချိန် ၁၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ သွင်းဂိုးနှင့် ဂိုးဖန်တီးမှုအကြိမ်ရေ ၁၀၀ ပြည့်မြောက်ခဲ့ပြီး မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဟာလန်းသည် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၉၄ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၈၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၆ ကြိမ် စုစုပေါင်းသွင်းဂိုးနှင့် ဂိုးဖန်တီးမှုအကြိမ်ရေ ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲအရေအတွက်အနည်းဆုံးဖြင့် ဂိုးဖန်တီးမှုအကြိမ်ရေ ၁၀၀ ပြည့်မြောက်သည့်ကစားသမားစာရင်းတွင် ဟာလန်း၏နောက်၌ နယူးကာဆယ်အသင်း ကစားသမားဟောင်း အလန်ရှီးယားက ပွဲ ၁၀၀၊ လက်ရှိ လီဗာပူးအသင်းတိုက်စစ်ကစားသမား ဆာလက်ချ်က ၁၁၆ ပွဲနှင့် မန်ယူအသင်းကစားသမားဟောင်း အဲရစ်ကန်တိုနာကလည်း ၁၁၆ ပွဲဖြင့် ရပ်တည်လျက်ရှိသည်။

ဟာလန်းသည် မန်စီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီများတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းနေပြီး ရှန်းကန်နေရကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၂၇ ပွဲကစားပြီးချိန်တွင် ၂၁ ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်နိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် လီဗာပူးအသင်းကစားသမားဆာလက်ချ်ထက် ခုနစ်ဂိုးလျော့နည်းနေပြီး ဒုတိယနေရာမှ ဖိအားပေးလျက်ရှိကြောင်း သိရသည်။

*Ref;One Football*

# လီဗာပူးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဒီယက်ကို ဘာစီလိုနာအသင်း ပစ်မှတ်ထားနေ

ဘာစီလိုနာ မတ် ၁၆

လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် ဒီယက်ကို ဘာစီလိုနာအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ဒီယက်သည် ၂၀၂၂ ခုနှစ်က ပေါ်တိုအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် နည်းပြအာနီဆလော့ လက်အောက်၌ ပွဲကစားခွင့်နည်းပါးနေသည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းနှင့်လမ်းခွဲရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း အသင်းတိုက်စစ်ပိုင်းတွင် လီဝန်ဒေါစကီးအနေဖြင့် အနာဂတ်မရေမရာဖြစ်နေပြီး အသင်းနှင့်စာချုပ်သက်တမ်းတစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းလိုသောကြောင့် ဒီယက်ကိုခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဘိုင်ယန်မြူးနစ်အသင်းက ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများနှင့်အပြိုင် ဘီလ်ဘာအိုအသင်းမှ နီကိုဝီလီယံကိုခေါ်ယူရန်ပြင်ဆင်

လန်ဒန် မတ် ၁၆

ဂျာမန်ထိပ်သီးဘိုင်ယန်မြူးနစ်အသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဘီလ်ဘာအိုအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် နီကိုဝီလီယံကို ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများနှင့်အပြိုင် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် နီကိုဝီလီယံသည် ပြီးခဲ့သည့်ဘောလုံးရာသီမှစတင်ပြီး ဘီလ်ဘာအိုအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သကဲ့သို့ စပိန်အသင်း၌လည်း ခြေစွမ်းပြနိုင်ခဲ့ကာ ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းအပါအဝင် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများက ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်သည်။

နီကိုဝီလီယံကို ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများက ခေါ်ယူရန်ကမ်းလှမ်းခဲ့သော်လည်း ဘီလ်ဘာအိုအသင်းက လက်မလွှတ်လိုသည့်အတွက် ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ကာ လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများက အပြိုင်ကမ်းလှမ်းလာဖွယ်ရှိနေသည့်အတွက် လက်လွှတ်ရဖွယ်ရှိနေသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းတောင်ပံတိုက်စစ်နေရာ၌ ကိုးလ်မန်းအနေဖြင့် ပုံမှန်ခြေစွမ်းပြနိုင်ရန် ရှန်းကန်နေရသောကြောင့် တောင်ပံတိုက်စစ်ကို အင်အားဖြည့်တင်းလိုသည့်အတွက် နီကိုဝီလီယံကိုခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

နီကိုဝီလီယံသည် ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိကာ ပြိုင်ပွဲစုံ ၃၆ ပွဲအထိ ပါဝင်ကစားထားပြီး ကိုးဂိုးသွင်းယူကာ ဂိုးဖန်တီးမှုခုနစ်ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

*Ref;Bild*

# အင်္ဂလန်အမျိုးသမီးလိဂ်ဖလား ဖိုင်နယ်ပွဲစဉ်တွင် ချယ်လ်ဆီးအမျိုးသမီးအသင်းက မန်စီးတီးအမျိုးသမီးအသင်းကိုအနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူး

လန်ဒန် မတ် ၁၆

အင်္ဂလန်အမျိုးသမီးလိဂ်ဖလား ဖိုင်နယ်ပွဲစဉ်အဖြစ် ချယ်လ်ဆီးအမျိုးသမီးအသင်းနှင့် မန်စီးတီးအမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးအမျိုးသမီးအသင်းက ၂ ဂိုး-၁ ဂိုးဖြင့်အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ ပွဲချိန်ကိုးမိနစ်တွင် ချယ်လ်ဆီးအမျိုးသမီးအသင်းမှ ရာမီးယက်စ်က အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ပြီး ပွဲချိန် ၆၄ မိနစ်တွင် မန်စီးတီးအမျိုးသမီးအသင်းမှ ဖူဂျီနိုက အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၇၇ မိနစ်တွင် မန်စီးတီးအမျိုးသမီးအသင်းမှ ဟာဆီဂါဝါက ကိုယ့်ဂိုးကိုယ်သွင်းယူမိသည့်အတွက် ချယ်လ်ဆီးအမျိုးသမီးအသင်းက ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအမျိုးသမီးအသင်းသည် အင်္ဂလန်အမျိုးသမီးလိဂ်ဖလားပြိုင်ပွဲတွင် ဖိုင်နယ်ပွဲအဆင့်သို့ ခြောက်ကြိမ်ဆက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘောလုံးရာသီနှင့် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတို့တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ပြီးခဲ့သည့် သုံးကြိမ်ဆက်တွင် မန်စီးတီးအမျိုးသမီးအသင်းနှင့် အာဆင်နယ်အမျိုးသမီးအသင်းတို့ကိုရှုံးနိမ့်ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ယခုဘောလုံးရာသီတွင် ချန်ပီယံဆုကို တတိယအကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအမျိုးသမီးအသင်းသည် ယခုဘောလုံးရာသီတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက မန်စီးတီးအမျိုးသမီးအသင်းအား ရှုံးနိမ့်ခဲ့ခြင်းကို ပြန်လည်တုံ့ပြန်ချေပနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*



# ၂၀၂၅ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2025) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၅ ခုနှစ် အာဆီယံဆု (ASEAN Prize 2025)ကို ပေးအပ်ချီးမြှင့်ရန် အတွက် အဆိုပြုလွှာများခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ခ ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေးဆောင်ရွက်မှုများ၊

( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့်ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသောအဆင့်မြင့်ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့်လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင်ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) amns.mofa@gmail.com သို့ **၁၁-၄-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုရမည့်အပူဒဏ်အန္တရာယ်များ**

(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)
- ဂနာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း
- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေဖတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

(မတ်လ၊ ၂၀၂၅)

# နွေရာသီအခြေခံဂေါက်သီးရိုက်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် မတ် ၁၆**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်မှဖွင့်လှစ်မည့် နွေရာသီအခြေခံဂေါက်သီးရိုက်သင်တန်း(ပညာဒါန)ကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)တွင် မတ်လ ၂၈ ရက်မှ ဧပြီလ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါအခြေခံဂေါက်သီးရိုက်သင်တန်းကို မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နည်းပြ ဦးမြင့်သောင်းနှင့် နိုင်နိုင်လင်းတို့က အသက် ၈ နှစ်မှ ၁၆ နှစ်အတွင်းရှိ မျိုးဆက်သစ်ဂေါက်သီးကစားသမားများအတွက် အခြေခံဂေါက်သီးရိုက်နည်းစနစ်များ(ပညာဒါန)အခမဲ့ဖြင့် ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)တွင် (တနင်္လာနေ့မှအပ) နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ သင်ကြားပြသပေးသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ မျိုးဆက်သစ်လူငယ်ကစားသမားများအနေဖြင့် မတ်လ ၂၆ ရက် နောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်းအမှတ် ၀၉-၅၁၀၉၃၄၂၃ သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်အချက်များအားမေးမြန်းနိုင်ကြောင်း သိရသည်။

(၅၀၀)

# Amateur Open 2025 ကျင်းပမည်

**မန္တလေး မတ် ၁၆**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပမည့် Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီလ ၁ ရက်မှ ၃ ရက်အထိ မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။


အဆိုပါပြိုင်ပွဲကို R&A Rules Limited/ နှင့် USGA တို့၏ Rules of Golf 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဝါသနာရှင်အဆင့် (အမျိုးသား) H'Cap 0-12 အဆင့်ရှိသူ ကစားသမားများသည် မတ်လ ၃၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကစားသမားတစ်ဦးလျှင် ငွေကျပ်သုံးသောင်းဖြင့် ဦးမင်းနိုင် ဖုန်း ၀၉-၂၀၁၅၄၆၇ နှင့် ဦးသန့်ဇင် ဖုန်း ၀၉-၂၀၂၆၅၆၆ ထံ ပြိုင်ပွဲဝင်ကြေးနှင့်အတူ စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်အရေအတွက်ကန့်သတ်ထားပြီး ဝင်ကြေးပေးသွင်းပြီးသည့်ကစားသမားများကိုသာ ပြိုင်ပွဲဝင်ကစားသမားအဖြစ် အတည်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲ ဆုပေးပွဲနှင့် ညစာစားပွဲကို ဧပြီလ ၃ ရက် ညနေ ၅ နာရီတွင် ရွှေမန်းတောင်ဂေါက်ကလပ် မြက်ခင်းပြင်၌ကျင်းပမည်ဖြစ်ပြီး ဆိုင်ကယ်၊ ဂေါက်အိတ်နှင့် ဂေါက်အသုံးအဆောင်ပစ္စည်းများကို ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်သည်၊ ထို့ပြင် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် Hole in One ရရှိပါက ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

## မိုးလေဝသ သတင်း




**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မတ် ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မတ်လ ၁၄ ရက်တွင်** ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် (၂၆)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅၈) မျိုး၊ လူသုံးကုန်ပစ္စည်း(၂၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၃၅၈၉၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၄)စီး၊ Nissan Condor Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Chenglong Tractor Head (၇)စီး၊ Dong Feng Tractor Head (၃)စီး၊ Nissan Diesel Tractor Head (၂)စီး၊ Nissan UD Tractor Head (၁)စီး၊ Hino Profia Tractor Head (၁)စီး၊ Daewoo Tractor Head (၁)စီး၊ Scania Tractor Head (၃)စီး၊ Man Tractor Head (၁)စီး၊ Hyundai Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂၀)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၃၅၈၉၁၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**မတ်လ ၁၅ ရက်တွင်** ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း (၅၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၀၅၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့၊ ကုန်တင်/ကုန်ချကားဝင်းအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၉၆၀၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၂၅၄၉၆၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ သိန်းကျော်ဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မတ် ၁၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၁၀ ရက်နေ့ နံနက် ၅ နာရီခွဲအချိန် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် မန္တလေးမှ ဘားအံဘက်သို့ ဝေဖြိုးမောင်(ခ)ကိုဖြိုး မောင်းနှင်ပြီး မမာလာကျော် လိုက်ပါလာသည့် DONG FENG ၂၂ ဘီးတွဲယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်၏ရေတိုင်ကီအံဝှက်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ဒသမ ၃ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရန်ကြားရှော့(ခ)ကုလားမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မှ ကရင်ပြည်နယ်၊ ဘားအံသို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Soe Maung Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ တောဇာချောင်ကျေးရွာနေ စိုးမောင်မောင်(ခ)ဖိုးစိုးအား မွန်းလွဲ ၁၂ နာရီ ၄၀ မိနစ်တွင်လည်းကောင်း၊ “သူရိယစိုး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးကျေးရွာနေ နေစိုးအား မွန်းလွဲ ၂ နာရီ ၄၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




**မိခင်အမည်မှန်**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက် အထက်တန်းကျောင်း Grade-11 ဖြေဆိုထားသော မောင်ပြည့်စုံဟိန်း၏မိခင် ဒေါ်နန်းယု၏အမည်မှန်မှာ ဒေါ်နန်းယုမော် ၉/ပမန(နိုင်)၂၁၈၂၉၇ ဖြစ်ပါကြောင်း။ ဒေါ်နန်းယုမော်

**ပျောက်ဆုံးကြောင်း**

သန္တာအောင်(ဘ)ဦးဆယ်ဝင်း ၉/မခန(နိုင်) ၂၉၇၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဆုပိုပိုနိုင်(ဘ)ဦးသိန်းနိုင် ၇/ကဝန(နိုင်) ၂၂၇၉၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ကိုကိုအောင်(ဘ)ဦးချစ်ဝေ ၁၄/ကလန(နိုင်) ၁၄၆၉၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 923282)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ပြည့်စုံအောင်(ဘ)ဦးသန်းစိန် ၇/ရတန(နိုင်) ၁၁၅၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 421807)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မရှန်လောက်မေ(ဘ)ဦးလောက်ဟွာ ၁၃/ကလတ(နိုင်)၀၃၉၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဆုယဉ်မိုးကျော်(ဘ)ဦးချန်ရှော ၁၃/လရန(နိုင်) ၁၉၂၃၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ထွန်းထွန်း(ဘ)ဦးအိုက်ရီ ၁၃/တကန(နိုင်) ၃၆၁၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 753171)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ငွေငွေလှ(ဘ)ဦးအောင်ငြိမ်း ၅/ခဥန(နိုင်) ၀၄၉၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

စန္ဒာဝင်း(ဘ)ဦးရန်ချိန်ရှောင် ၁/မမန(နိုင်) ၀၄၈၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

စန်းစန်းဝင်း(ဘ)ဦးသာလှ ၈/ငဖန(နိုင်) ၀၂၇၂၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

နန်းခမ်းထောင်း(ဘ)ဦးစိုင်းထွန်းဦး ၁၃/ကတန(နိုင်)၁၁၈၀၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၀၅၈၀၉၀၃

**ပျောက်ဆုံးကြောင်း**

လောက်ကိုင်မြို့၊ ချန်ကိုင်းကျေးရွာနေ လီရှောက်ပွေး(ဘ)လီယင်ကျုံး ၁၃/လကန(နိုင်)၀၁၄၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 443956) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၅၆၀၈၈၈၈

**ပျောက်ဆုံးကြောင်း**

အောင်လံမြို့နယ်၊ ကျောက်စွယ်ကျိုးရွာနေ မအေးသက်မွန်(ဘ)ဦးသန်းဇော်ထွန်း ၈/အလန(နိုင်)၂၄၆၅၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၉၆၄၄၁၆

**ပျောက်ဆုံးကြောင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗိုလ်ရှိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ်(၅၅)၄လွှာ A နေ အောင်နိုင်ဦး(ဘ)ဦးအောင်မြင့် ၁၂/တမန(နိုင်) ၁၁၈၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၉၅၁၀၇

**ပျောက်ဆုံးကြောင်း**

ရမည်းသင်းမြို့နေ ဇော်ဇော်ထက်(ဘ)ဦးကိုကြီး ၉/ရမသ(နိုင်)၂၂၅၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

သနပ်ပင်မြို့နယ်၊ ဘုရားကြီးပိုင်းရပ်ကွက်နေ ရဲကိုကို(ဘ)ဦးထွေး ၇/သနပ(နိုင်)၀၅၈၇၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဇင်မာခိုင်(ဘ)ဦးမောင်လှ ၁၂/ရပသ(နိုင်) ၀၅၈၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 558575)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၁၁၁၇၉၆

အလိမ္မာစာမှာရှိ

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၆၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ထိထိရောက်ရောက်ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင်အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မယ်ထော်သလေးနှင့် KK Park နယ်မြေများ၌ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၆၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၆၅၉၉ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၅၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၀၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၆၅၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ဂျပန်၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ကရင်ပြည်နယ် မြဝတီမြို့-မယ်ထော်သလေးနှင့် KK Park နယ်မြေများ၌ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်စဉ်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်**

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- အရိပ်ရ၍အေးမြသောနေရာများတွင်သာနေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(မတ်လ၊ ၂၀၂၅)

- **စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာဌာနကြီး တစ်ခုဖြစ်. . .**
- **စာဖတ်စေရန်နှင့် စာဖတ်အားများတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ် . . .**
- **တစ်ဦးချင်းအသိပညာများကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို. . .**
- **ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို. . .**
- **စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။



နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် အထင်ကရနေရာများအား သွားရောက်ဖူးမြော်လေ့လာ

နေပြည်တော် မတ် ၁၆

နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့က ၂ သုတ်ခွဲ၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် **စာမျက်နှာ ၆ ကော်လံ ၁** ●

## ဆောင်းပါး


**လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ပိုမိုလှပသော အနာဂတ်ကို အတူလက်တွဲဖန်တီးကြပါစို့** စာ - ၁၃ သို့

---

**နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၈)နှစ် သမိုင်းမှတ်တိုင်မော်ကွန်း** စာ - ၂၅ သို့


# Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကျင်းပ

ရန်ကုန် မတ် ၁၆

Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ကျင်းပရာ သုံးချီတွဲဆိုင်း ၁၁ ဆိုင်းပါဝင်ပြီး ပရိသတ်အကြိုက် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ **စာမျက်နှာ ၁၄ ကော်လံ ၁** ■

